# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈) ၊ အမှတ်(၃၀၅)၊ ၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၂ ရက် ၊ ၈-၁၀-၂၀၂၅၊ ဗုဒ္ဓဟူးနေ့။


## မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

ရတနာသုံးပါးတည်းဟူသော ဤကိုးကွယ်ရာသည်သာလျှင် ဘေးကင်းစေနိုင်သော ကိုးကွယ်ရာ၊ မြတ်သော ကိုးကွယ်ရာမည်၏။ ဤရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သည့်အတွက် ဆင်းရဲအားလုံးမှ လွတ်၏။

(ဓမ္မပဒ)

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ရေး။





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

# မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

## မြန်မာတို့၏ ကိုယ်ပိုင်ယဉ်ကျေးမှုအရင်းအမြစ်များ၊ တန်ဖိုးထားမှုစံနှုန်းများ မေးမှိန်ကျဆင်းမသွားအောင် ဆက်လက်ထိန်းသိမ်းမြှင့်တင်ရန်မှာ မိမိတို့ အမွေခံမျိုးဆက်သစ်များ၏ အမျိုးသားရေးတာဝန်နှင့် ဝတ္တရားပင်ဖြစ်

နေပြည်တော် အောက်တိုဘာ ၇

(၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၁)၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက် အမှာစကားပြောကြားသည်။

စာမျက်နှာ ၃ သို့ ☆

## မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် အောက်တိုဘာ ၇**

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ချင်းပြည်နယ်တို့တွင် နေရာကွက်ကျား၊ နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နေရာကျဲကျဲ၊ ကရင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး မွန်ပြည်နယ်တွင် နေရာကွက်၍ မိုးကြီးနိုင်ပါသည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မိုးတိမ်တောင်ဖြစ်ပေါ်မှု အခြေအနေမှာ** စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းမှုအားကောင်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များ ရွေ့လျားရာ နေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

**နေပြည်တော်နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

မိုး/ဓလ

၂၀၂၅ ခုနှစ် ၊ အောက်တိုဘာ ၈ ရက်၊ ဗုဒ္ဓဟူးနေ့။

မန္တလေး

## မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိ

ယဉ်ကျေးမှုဆိုသည်မှာ ကိုယ်အမူအရာ၊ နှုတ်အရာ နှုးညံ့သိမ်မွေ့ခြင်းကို ခေါ်ဆိုသည်။ ကမ္ဘာပေါ်တွင် လူမျိုးတိုင်း၌ ကိုယ်ပိုင်ယဉ်ကျေးမှုရှိစမြဲဖြစ်သည်။ ထိုနည်းအတူ မြန်မာလူမျိုးတို့တွင်လည်း ရိုးရာယဉ်ကျေးမှုများရှိနေကြသည်။ လူ့အဖွဲ့အစည်းတစ်ခုတွင် မိမိတို့ ရှင်သန်တည်ရှိရာ သဘာဝပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေ နေထိုင်နိုင်ရန် အစီအစဉ်တကျ လမ်းညွှန်မှုများလည်းဖြစ်သည်။

၂၀၂၅ ခုနှစ် (၂၆) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို သမိုင်းအစဉ်အလာကောင်းများနှင့်အညီ ဖွင့်ပွဲ၊ ပြိုင်ပွဲ၊ ဆုချီးမြှင့်ပွဲ၊ ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲနှင့် ဂုဏ်ပြုညစာစားပွဲ အခမ်းအနားများအား စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိသည်။

မိမိတို့ နိုင်ငံ၏ လူသားအရင်းအမြစ်များဖြစ်သည့် မျိုးဆက်သစ် လူငယ်မောင်မယ်များအနေဖြင့် အနာဂတ်နိုင်ငံတော်ကြီးကို ကောင်းမွန်စွာ တည်ဆောက်နိုင်ရေးအတွက် နိုင်ငံ့သားကောင်းများဖြစ်လာစေရေးရည်မျှော်၍ ပြုစုပျိုးထောင်နေကြပြီး နိုင်ငံတော်ကိုဘက်စုံမှ ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်မည်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်အနေဖြင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အနုသုခုမဆိုင်ရာ ပညာရပ်များကို မြတ်နိုးတန်ဖိုးထားပြီး ထိန်းသိမ်းစောင့်ရှောက် လက်ဆင့်ကမ်းနေကြသည့် ပညာရှင်ကြီးများနှင့် တိုင်းဒေသကြီး/ပြည်နယ်အသီးသီးတွင်ရှိကြသည့် ဝါသနာရှင်မျိုးဆက်သစ်လူငယ်များ၏ ကြိုးပမ်းအားထုတ်မှုများကို အလေးအနက်ထားပြီး မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးများကိုလည်း နှစ်စဉ်နှစ်တိုင်း စဉ်ဆက်မပြတ် ကျင်းပလျက်ရှိသည်။

နိုင်ငံတစ်နိုင်ငံ၏ ရိုးရာအစဉ်အလာ ဓလေ့ထုံးတမ်းများနှင့် ယဉ်ကျေးမှုဆိုင်ရာပညာ အတွေ့အကြုံ ဗဟုသုတများသည် နိုင်ငံတော်အပေါ် ချစ်မြတ်နိုးစိတ်နှင့် မျိုးချစ်စိတ်တို့ကိုဖြစ်ပေါ်စေသည့် အခြေခံအကြောင်းတရားများပင်ဖြစ်သည်။ ထို့ကြောင့် ဉာဏ်ရည်ဉာဏ်သွေး ထက်မြက်ခြင်းသာမက ယဉ်ကျေးသိမ်မွေ့ခြင်းများနှင့်ပါ ပြည့်စုံသည့် မျိုးဆက်သစ်လူငယ်များ ပေါ်ထွန်းလာစေရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရာတွင် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးများကို ကျင်းပပြုလုပ်ခြင်းသည်လည်း မြန်မာ့အနုပညာကို ဖွံ့ဖြိုးတိုးတက်စေရုံသာမက ထူးခြားပြီး အနက်အဓိပ္ပာယ်ပြည့်ဝလှသည့် မြန်မာ့အနုပညာကို ကမ္ဘာကပင် တွေ့မြင်ကြရမည်ဖြစ်သည်။

၂၀၂၅ ခုနှစ် (၂၆) ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို မြန်မာတို့၏ အမျိုးဂုဏ်၊ ဇာတိဂုဏ်နှင့် အမျိုးသားယဉ်ကျေးမှု လက္ခဏာများကို ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ရေး၊ ပြည်ထောင်စုသွေးချင်းများ၏ သွေးစည်းညီညွတ်သည့်စိတ်ဓာတ်နှင့် အမျိုးသားစည်းလုံးညီညွတ်မှု စိတ်ဓာတ်တို့ကို မြန်မာ့အနုပညာဖြင့် ဖော်ထုတ်ပြသနိုင်ရေး၊ မြန်မာ့ရိုးရာအနုပညာရပ်များကို မျိုးဆက်သစ်လူငယ်များသို့ လက်ဆင့်ကမ်းအမွေပေးအပ်နိုင်ရေး၊ နိုင်ငံတော်၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ယဉ်ကျေးမှုနှင့် အနုပညာ၏ အခန်းကဏ္ဍမှ တစ်တပ်တစ်အား ပူပေါင်းပါဝင်ဆောင်ရွက်ရေးစသည့် ဦးတည်ချက်များဖြင့် စည်ကားသိုက်မြိုက်စွာဖြင့် ကျင်းပလျက်ရှိကြောင်း ရေးသားလိုက်ရပေသည်။

## ၂၀၂၅ ခုနှစ်၊ (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်(၄)ရပ်

၁။ မြန်မာတို့၏ အမျိုးဂုဏ်၊ ဇာတိဂုဏ်နှင့် အမျိုးသားယဉ်ကျေးမှု လက္ခဏာများကို ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်နိုင်ရေး၊

၂။ ပြည်ထောင်စုသွေးချင်းများ၏ သွေးစည်းညီညွတ်သည့် စိတ်ဓာတ်နှင့် အမျိုးသားစည်းလုံးညီညွတ်မှု စိတ်ဓာတ်တို့ကို မြန်မာ့အနုပညာဖြင့် ဖော်ထုတ်ပြသနိုင်ရေး၊

၃။ မြန်မာ့ရိုးရာအနုပညာရပ်များကို မျိုးဆက်သစ်လူငယ်များသို့ လက်ဆင့်ကမ်း အမွေပေးအပ်နိုင်ရေး၊

၄။ နိုင်ငံတော်၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ယဉ်ကျေးမှုနှင့် အနုပညာ၏ အခန်းကဏ္ဍမှ တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

## မနော်ရမ္မံညဈေးတွင် သီတင်းကျွတ်ကာလ ဈေးဝယ်အပန်းဖြေသူများဖြင့် စည်ကားလျက်ရှိ

**မန္တလေး အောက်တိုဘာ ၇**

သီတင်းကျွတ်လပြည့်နေ့တွင် မန္တလေးမြို့ အထင်ကရ မနော်ရမ္မံညဈေးတွင် ဈေးဝယ်အပန်းဖြေသူများဖြင့် အထူးစည်ကားလျက်ရှိသည်။

သီတင်းကျွတ်လပြည့်နေ့ ရုံးပိတ်ရက်ဖြစ်သောကြောင့် ညနေပိုင်းများတွင် ကြိတ်ကြိတ်တိုး စည်ကားနေသလို ညပိုင်းတွင် FINISHLINE Music Band အဖွဲ့က တေးသီချင်းများဖြင့် ဖျော်ဖြေကြရာ အပန်းဖြေလာကြသူများ၊ ရပ်ဝေးရပ်နီးမှ လာရောက်လည်ပတ်ကြသည့် ဧည့်သည်များဖြင့် ပိုမိုများပြားစည်ကားလျက်ရှိသည်။

မနော်ရမ္မံညဈေး ဖွင့်လှစ်သည်မှာ တစ်နှစ်ကျော်လာပြီးဖြစ်ရာ မန္တလေးမြို့တွင် သွားရောက်လည်ပတ်စရာ နေရာတစ်ခုအဖြစ် ထင်ရှားလာနေပြီး မန္တလေးမြို့ခံများ ညနေတိုင်းလာရောက်ကာ အထူးသဖြင့် စားသောက်ဆိုင်များတွင် လာရောက်စားသောက် အပန်းဖြေသည့် နေရာတစ်ခုဖြစ်လာသည်။ ယခုလို ရုံးပိတ်ရက်ရှည်များတွင် မိသားစုလိုက်၊ အဖွဲ့လိုက် လာရောက်ကြသူများဖြင့် ကြိတ်ကြိတ်တိုး စည်ကားလျက်ရှိကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၆)

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား **mdydailynewspaper @gmail.com** မှတစ်ဆင့် အချိန်မီပေးပို့နိုင်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

**သတင်းများ**

**Online မှတစ်ဆင့် ပေးပို့နိုင်**

## ပြည်သူများအား အခြေခံစားသောက်ကုန်များကို အထူးသက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးသွားမည်

**မန္တလေး အောက်တိုဘာ ၇**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသောဈေးနှုန်းဖြင့် ရုံးဖွင့်ရက်များတွင် မြို့နယ်အလိုက် ရောင်းချပေးလျက်ရှိသည်။

သက်သာဈေးရောင်းချမည့် အစီအစဉ်များကို အောက်တိုဘာ ၈ ရက်တွင် မဟာအောင်မြေမြို့နယ်၊ မဟာနွယ်စဉ်ရပ်ကွက်၊ ၆၉ လမ်း၊ ၃၆ လမ်းထောင့်၊ ဝန်ထမ်းအိမ်ရာအနီးနှင့် ချမ်းမြသာစည်မြို့နယ်၊ ၆၁ လမ်းနှင့် ၁၀၈ လမ်းထောင့်၊ မြို့သစ်(၃)ရပ်ကွက်၊ စက်ရုံနှင့်မော်တော်ယာဉ်ဌာနအနီးတို့တွင်လည်းကောင်း၊ အောက်တိုဘာ ၉ ရက်တွင် ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ ၅၅ လမ်းနှင့် ၁၂၀ လမ်းထောင့်တွင်လည်းကောင်း၊ အောက်တိုဘာ ၁၀ ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ ရွှေလုံရပ်ကွက်၊ ၂၇ လမ်း၊ ၇၁ လမ်းနှင့် ၇၂လမ်းကြားနှင့် အမရပူရမြို့နယ်၊ ဈေးချိုရပ်ကွက်၊ ထန်းတပင်ရပ်၊ လမ်းငါးခွ၊ စစ်-မန်းလမ်းအရှေ့ဘက်တို့တွင် လည်းကောင်း ရောင်းချပေးသွားမည်ဖြစ်သည်။



ထိုသို့ တိုက်ရိုက်ရောင်းချနေမှုအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေးနှင့် တာဝန်ရှိသူများ၊ ဈေးနှင့်သားသတ်ဌာန ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်၍ ပြည်သူများ အဆင်ပြေစွာ ဝယ်ယူရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၆)

(ခဲပုံ)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်

# ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကို ဒီတိုင်းကြည့်နေမှာမဟုတ်

ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကိုတော့ ကျုပ်တို့အစိုးရကလည်း ဒီတိုင်းကြည့်နေမှာမဟုတ်ဘူး။ အပြင်းအထန်နှိပ်ကွပ်ရမှာပဲ။ ရွေးကောက်ပွဲမှာ လွတ်လပ်စွာ ယှဉ်ပြိုင်ရွေးကောက်တဲ့နေရာမှာတော့ ဘယ်သူ့ကိုမှ ကျုပ်တို့အစိုးရက နှောင့်ယှက်မှာ မဟုတ်ဘူး။ သို့သော် ဖျက်လိုဖျက်ဆီးလုပ်တဲ့လူမှန်သမျှကိုတော့ အာဏာကုန် နှိမ်နင်းပစ်မှာပဲဆိုတာ ရှင်းရှင်းကြီး သတိပေးထားပါရစေ။

(၁၉၄၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်း ပြောကြားခဲ့သည့် အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)








ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆိုင်းဘုတ်အား စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးစဉ်။

☆ ရှေ့ဖုံးမှ

အခမ်းအနားသို့ နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ၏ဇနီး ဒေါ်ကြူကြူလှ၊ ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်၊ ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောနှင့်ဇနီး၊ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့်ဇနီး၊ ကော်မရှင်အဖွဲ့ဝင်များနှင့်ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီတို့မှ ကော်မတီဝင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးများ၊ အကဲဖြတ် ပညာရှင်ကြီးများ၊ ကြီးကြပ်အုပ်ချုပ်သူများ၊ နည်းပြများ၊ အထောက်အကူပြုများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင် တိုင်းရင်းသားညီအစ်ကိုမောင်နှမများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီနာယက ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောနှင့်ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်တို့က (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆိုင်းဘုတ်အား စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် အခမ်းအနားဒုတိယပိုင်းကို စတင်ကျင်းပရာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်ဝန်ထမ်းများက (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲဂုဏ်ပြုတေးသီချင်းဖြစ်သည့် "အဖွင့်တေးကဗျာ"သီချင်းဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

စာမျက်နှာ ၄ သို့ ☆



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီနာယက ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောနှင့် ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်တို့ (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

☆ နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုး၏ ဂုဏ်ဒြပ်နှင့် အဆင့်အတန်းကို ညွှန်းဆိုဖော်ပြရာတွင် ယင်းနိုင်ငံ၊ ယင်းလူမျိုးတို့၏ အနုသုခုမယဉ်ကျေးမှု အဆင့်အတန်းကို သက်တမ်းကြာအောင် ထိန်းသိမ်းစောင့်ရှောက်နိုင်ခဲ့မှုနှင့် ရှေးအစဉ်အလာမပျက် ဖော်ထုတ်ပြသနိုင်မှုသည် အဓိကကျ

☆ မိမိတို့နိုင်ငံသည်လည်း ရှေးနှစ်ပေါင်းများစွာကတည်းက တည်တံ့ဖြစ်ထွန်းခဲ့သည့် ယဉ်ကျေးမှုအနုသုခုမပညာရပ်များကို ယနေ့ထက်တိုင် အရှည်တည်တံ့ခိုင်မြဲပြီး ရှေးမူရှေးဟန်မပျက် ဖော်ထုတ်ပြသနေနိုင်သည်မှာ မိမိတို့နိုင်ငံ၏ ဂုဏ်သိက္ခာနှင့် အဆင့်အတန်းကို ကမ္ဘာ့အလယ်တွင် ပြသနေခြင်းပင်ဖြစ်






ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ဇနီးဒေါ်ကြူကြူလှနှင့် အခမ်းအနားတက်ရောက်လာကြသူများ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်ဝန်ထမ်းများက "အဖွင့်တေးကဗျာ" သီချင်းဖြင့် ဖျော်ဖြေမှုကို ကြည့်ရှုအားပေးကြစဉ်။

☆ စာမျက်နှာ ၃ မှ

ဆက်လက်၍ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားရာတွင် ခေတ်အဆက်ဆက်မြန်မာဘိုးဘွားတို့၏ တီထွင်ကြိုးပမ်းအားထုတ်မှုနှင့် အစဉ်အလာကောင်းများကြောင့် မြန်မာ့သမိုင်းတစ်လျှောက်တွင် မိမိတို့တိုင်းရင်းသား ညီအစ်ကိုမောင်နှမများသည် ကိုယ်ပိုင်စာပေ၊ ကိုယ်ပိုင်ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံများဖြင့် ကမ္ဘာ့အလယ်တွင် ထူးထူးခြားခြား ထည်ထည်ဝါဝါ ရပ်တည်နိုင်ခဲ့ကြကြောင်း။

### ရှေးမူရှေးဟန်မပျက် ဖော်ထုတ်ပြသ

နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုး၏ ဂုဏ်ဒြပ်နှင့် အဆင့်အတန်းကို ညွှန်းဆိုဖော်ပြရာတွင် ယင်းနိုင်ငံ၊ ယင်းလူမျိုးတို့၏ အနုသုခုမယဉ်ကျေးမှု အဆင့်အတန်းကို သက်တမ်းကြာအောင် ထိန်းသိမ်းစောင့်ရှောက်နိုင်ခဲ့မှုနှင့် ရှေးအစဉ်အလာမပျက် ဖော်ထုတ်ပြသနိုင်မှုသည် အဓိကကျသည့် အချက်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံသည်လည်း ရှေးနှစ်ပေါင်းများစွာကတည်းက တည်တံ့ဖြစ်ထွန်းခဲ့သည့် ယဉ်ကျေးမှုအနုသုခုမပညာရပ်များကို ယနေ့ထက်တိုင် အရှည်တည်တံ့ခိုင်မြဲပြီး ရှေးမူရှေးဟန်မပျက် ဖော်ထုတ်ပြသနေနိုင်သည်မှာ မိမိတို့နိုင်ငံ၏ ဂုဏ်သိက္ခာနှင့် အဆင့်အတန်းကို ကမ္ဘာ့အလယ်တွင် ပြသနေခြင်းပင်ဖြစ်ကြောင်း။

မျက်မှောက်ခေတ် တိုင်အောင် မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်များကို ပိုင်ဆိုင်ခွင့်ရရှိနေသည်မှာ မြန်မာ့သမိုင်းစဉ်တစ်လျှောက် ဖြတ်သန်းလာခဲ့ကြသည့် မိမိတို့၏ မြန်မာ့ဘိုးစဉ်ဘောင်ဆက်များက ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ပြီး လက်ဆင့်ကမ်းခဲ့ကြသည့် ကျေးဇူးများကြောင့်ပင်ဖြစ်ကြောင်း၊ ရှေးအစဉ်အလာကောင်းများကို အတုယူပြီး မြန်မာတို့၏ ကိုယ်ပိုင်ယဉ်ကျေးမှု အရင်းအမြစ်များ၊ တန်ဖိုးထားမှုစံနှုန်းများ မေးမှိန်ကျဆင်းမသွားအောင် ဆက်လက်ထိန်းသိမ်းမြှင့်တင်ရန်မှာ မိမိတို့အမွေခံ မျိုးဆက်သစ်များ၏ အမျိုးသားရေးတာဝန်နှင့် ဝတ္တရားပင်ဖြစ်ကြောင်း။



ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ အခမ်းအနားတက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

မြန်မာ့ရိုးရာ ယဉ်ကျေးမှုနယ်ပယ်တွင် အဆို၊ အက၊ အရေး၊ အတီး အနုပညာရပ်များသည် သီးခြား ဂုဏ်ရည်၊ သီးသန့်မူဟန်များဖြင့် ဖြစ်ထွန်းနေခြင်း ရှိသကဲ့သို့ အဆိုနှင့်အက၊ အကနှင့်အတီး၊ အတီးနှင့်အဆို၊ အဆိုနှင့်အရေး ပညာရပ်များသည် တစ်ခုနှင့်တစ်ခုဆက်စပ်လျက်ရှိပြီး အပြန်အလှန်ထိန်းကွပ်မှု၊ အပြန်အလှန် ပံ့ပိုးမှုများဖြင့် တင့်တင့်တယ်တယ် ဆက်စပ် ဖြစ်ထွန်းနေသည်ကိုလည်း တွေ့နိုင်မည်ဖြစ်ကြောင်း။

ယခု(၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် မျိုးဆက်သစ် အနုပညာရှင်များသည်လည်း မိမိတို့၏ အနုပညာစွမ်းရည်များကို အားပေးကြည့်ရှုအကဲဖြတ်နေကြသူများနှင့် ပရိသတ်များအတွက် စိတ်ကျေနပ်အားရဖွယ်ဖြစ်အောင် ပေးစွမ်းနိုင်ကြမည်ဟု မျှော်လင့်ကြောင်း၊ ယခုပြိုင်ပွဲကြီးသည် ယှဉ်ပြိုင်မှုသာမက ပြည်နယ်နှင့်တိုင်းဒေသကြီး အနှံ့အပြားတွင် နေထိုင်ကြသည့် ပြည်ထောင်စုသွေးချင်းများ ချစ်ကြည်ရင်းနှီးစွာ ဆုံစည်းနိုင်မှု၊ မိတ်ကောင်းဆွေကောင်းများ တိုးတက်ရရှိမှု၊ ယဉ်ကျေးမှု အနုပညာအသီးသီးကို နှီးနှောဖလှယ် မျှဝေနိုင်မှုစသည့် အကျိုးရလဒ်များမှ တစ်ဆင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို တိုးမြှင့်ဖော်ဆောင်နိုင်မည်လည်းဖြစ်ကြောင်း။

စာမျက်နှာ ၅ သို့ ☆



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ဇနီးဒေါ်ကြူကြူလှနှင့် အဖွဲ့အား တိုင်းရင်းသားရိုးရာယဉ်ကျေးမှု အကအဖွဲ့များက ကြိုဆိုကြစဉ်။

**❖ မြန်မာလူမျိုးတို့၏ ကိုယ်ပိုင်ယဉ်ကျေးမှု၊ ကိုယ်ပိုင်အနုပညာနှင့် ကိုယ်ပိုင်အမျိုးသားရေးလက္ခဏာများ ခိုင်ခိုင်မာမာ ဆက်လက်ရှင်သန်ဖွံ့ဖြိုးစေရေးအတွက် အနုပညာစွမ်းပကားဖြင့် စွမ်းဆောင်**

**❖ နှစ်ပေါင်းထောင်ချီပြီး ခမ်းနားထည်ဝါစွာ ဖွံ့ဖြိုးစည်ပင်ခဲ့သည့် မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာစစ်စစ်ကို မြတ်နိုးထိန်းသိမ်းရင်း မြန်မာတို့၏ အမျိုးဂုဏ်၊ ဇာတိဂုဏ် အစဉ်ထာဝရ နိုးကြားရှင်သန်နေရအောင် အနုပညာစွမ်းပကားဖြင့် စွမ်းဆောင်**

✰ စာမျက်နှာ ၄ မှ

ထို့ကြောင့်မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးများ၏ အောင်မြင်ဖြစ်ထွန်းမှု အရှိန်အဟုန်ကို ထပ်ဆင့်မြှင့်တင်နိုင်စေရန်နှင့် ယခုကျင်းပသည့် (၂၆)ကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို ရည်မှန်းချက်များနှင့်အညီ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်စေရန် ဌာနဆိုင်ရာအသီးသီးက တာဝန်ရှိသူများ၊ ဝါရင့်သမ္မာရင့် အနုပညာရှင်ကြီးများ၊ အကဲဖြတ်အဖွဲ့ဝင် အနုပညာရှင်ကြီးများ၊ ပြိုင်ပွဲဝင် အနုပညာရှင်များနှင့် အနုပညာ မြတ်နိုးသူပရိသတ်များအားလုံးက တူညီသည့် စိတ်ထားနှင့် တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်ပေးကြရန် တိုက်တွန်းမေတ္တာရပ်ခံလိုကြောင်း။

တာဝန်ရှိသူများနှင့် အနုပညာရှင်များကို တိုက်တွန်းပြောကြားလိုသည်မှာ မြန်မာလူမျိုးတို့၏ ကိုယ်ပိုင်ယဉ်ကျေးမှု၊ ကိုယ်ပိုင်အနုပညာနှင့် ကိုယ်ပိုင်အမျိုးသားရေးလက္ခဏာများ ခိုင်ခိုင်မာမာ ဆက်လက်ရှင်သန်ဖွံ့ဖြိုးစေရေးအတွက် အနုပညာစွမ်းပကားဖြင့် စွမ်းဆောင်ပေးကြရန်၊ နှစ်ပေါင်းထောင်ချီပြီး ခမ်းနားထည်ဝါစွာ ဖွံ့ဖြိုးစည်ပင်ခဲ့သည့် မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာစစ်စစ်ကို မြတ်နိုးထိန်းသိမ်းရင်း မြန်မာတို့၏ အမျိုးဂုဏ်၊ ဇာတိဂုဏ် အစဉ်ထာဝရ နိုးကြားရှင်သန်နေရအောင် အနုပညာစွမ်းပကားဖြင့် စွမ်းဆောင်ပေးကြရန်၊ တိုင်းတစ်ပါးယဉ်ကျေးမှုများ လွှမ်းမိုးမှုမရှိစေရေးနှင့် မျိုးဆက်သစ်လူငယ်များကို ယဉ်ကျေးသိမ်မွေ့ပြီး အမျိုးသားရေး စိတ်ဓာတ်ကိုယ်ခံစွမ်းအားများ ပြည့်ဝခိုင်မာအောင် အနုပညာစွမ်းပကားဖြင့် စွမ်းဆောင်ပေးကြရန်၊ ယခုကျင်းပမည့်(၂၆) ကြိမ်မြောက်မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး



ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် ရှင်းလင်းတင်ပြစဉ်။

ပြိုင်ပွဲကြီးကို ကျင်းပရသည့် ဦးတည်ချက် (၄)ရပ်နှင့်အညီ အောင်မြင်အောင် ကြိုးစားဆောင်ရွက်ပြီး ယဉ်ကျေးမှုအမွေမျှဝေပေးကြရန် မေတ္တာရပ်ခံ တိုက်တွန်းလိုကြောင်း ပြောကြားသည်။

ထို့နောက် (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်က ပြိုင်ပွဲကျင်းပရန် စီစဉ်ဆောင်ရွက် ထားရှိမှုများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

အခမ်းအနား အပြီးတွင် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့်ဇနီး၊ အဖွဲ့ဝင်များသည် အကဲဖြတ်ပညာရှင်များကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

(၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို မြန်မာတို့၏ အမျိုးဂုဏ်၊ ဇာတိဂုဏ်နှင့် အမျိုးသား ယဉ်ကျေးမှုလက္ခဏာများကို ဖော်ထုတ်ထိန်းသိမ်း မြှင့်တင်နိုင်ရေး၊ ပြည်ထောင်စုသွေးချင်းများ၏ သွေးစည်းညီညွတ်သည့် စိတ်ဓာတ်နှင့် အမျိုးသားစည်းလုံးညီညွတ်မှု စိတ်ဓာတ်တို့ကို မြန်မာ့အနုပညာဖြင့် ဖော်ထုတ်ပြသနိုင်ရေး၊ မြန်မာ့ရိုးရာအနုပညာရပ်များကို မျိုးဆက်သစ် လူငယ်များသို့ လက်ဆင့်ကမ်းအမွေပေးအပ်နိုင်ရေး၊ နိုင်ငံတော်၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ယဉ်ကျေးမှုနှင့် အနုပညာ၏အခန်းကဏ္ဍမှ တစ်တပ်တစ်အား ပူးပေါင်းပါဝင် ဆောင်ရွက်ရေး စသည့်ဦးတည်ချက် (၄) ရပ်ဖြင့် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## ၂၀၂၅ ခုနှစ် (၂၆) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်) ပြိုင်ပွဲ စတင်ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၇**

၂၀၂၅ ခုနှစ် (၂၆) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်) ပြိုင်ပွဲကို ယနေ့နံနက်ပိုင်းမှ စတင်ပြီး ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ သတ်မှတ်နေရာများတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ယနေ့တွင် "မဟာဂီတ" **တေးသီချင်း အဆိုပြိုင်ပွဲကို** အမျိုးသားပြတိုက် (နေပြည်တော်) ရှိ Mini Theatre ၌ ကျင်းပရာ **အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲ**တွင် ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ကယားပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက **သာဆန်းရဂုံဘွေ(ပတ်ပျိုး) သီချင်း**ဖြင့်လည်းကောင်း၊ **အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲ**တွင် မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ရှမ်းပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက **ဇမ္ဗူရောင်ကွန့်(ဘွဲ့) သီချင်း**ဖြင့်လည်းကောင်း သီဆိုယှဉ်ပြိုင်ကြသည်။







၂၀၂၅ ခုနှစ် (၂၆) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်) ပြိုင်ပွဲ အဆိုပြိုင်ပွဲ ယှဉ်ပြိုင်နေမှုကို တာဝန်ရှိသူများကြည့်ရှုအားပေးစဉ်။

"ခေတ်ဟောင်း/ကာလပေါ်" **တေးသီချင်း အဆိုပြိုင်ပွဲကို** အမျိုးသား စာကြည့်တိုက် (နေပြည်တော်)ရှိ ဝန်ဇင်းမင်းရာဇာခန်းမ၌ကျင်းပရာ **အခြေခံ ပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ အတွင်း) အမျိုးသမီးပြိုင်ပွဲ**တွင် ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ကယားပြည်နယ်၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့မှ **အနန္တငါးဖြာ သီချင်း**ဖြင့်လည်းကောင်း၊ **အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲ**တွင် မွန်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ချင်းပြည်နယ်၊ ကယားပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက **ရိပ်မြိုင်ရေချမ်းမေတ္တာစမ်း သီချင်း**ဖြင့်လည်းကောင်း၊ **အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲ**တွင် ကရင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက **ဒိုးကလေးသီချင်း**ဖြင့်လည်းကောင်း သီဆိုယှဉ်ပြိုင်ကြသည်။

ထို့ပြင် **အကပြိုင်ပွဲကို** ဆင်ဖြူရှင်ခန်းမ၌ကျင်းပရာ **အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ အတွင်း) အမျိုးသားပြိုင်ပွဲ**တွင် ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက လည်းကောင်း၊ **အဆင့်မြင့်ပညာအဆင့် အမျိုးသမီးပြိုင်ပွဲ**တွင် ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊

စာမျက်နှာ ၆ သို့ ✪





၂၀၂၅ ခုနှစ် (၂၆) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်) ပြိုင်ပွဲ အရေးပြိုင်ပွဲ ကျင်းပစဉ်။





အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်) (အမျိုးသား) တယောပြိုင်ပွဲတွင် ကရင်ပြည်နယ်မှ မောင်အာကာမင်း ယှဉ်ပြိုင်စဉ်။

✪ စာမျက်နှာ ၅ မှ

မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့မှ ပြိုင်ပွဲဝင်များကလည်းကောင်း၊ **အခြေခံပညာ အဆင့် (အသက်၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင်** မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကလည်းကောင်း ကကြိုးကကွက် စုံလင်စွာဖြင့် ယှဉ်ပြိုင်ကြသည်။

ထို့အတူ **အရေးပြိုင်ပွဲကို** သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ယဉ်ကျေးမှု ရတနာခန်းမ၌ ကျင်းပရာ **အဆင့်မြင့်ပညာ (အမျိုးသား/အမျိုးသမီး)** ပြိုင်ပွဲတွင် ကယားပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက **"လူချွန်လူကောင်းတို့ဂုဏ်ရည်"** ခေါင်းစဉ်ဖြင့်လည်းကောင်း၊ **အခြေခံပညာ (အသက် ၁၅ နှစ်မှ ၂၀ အတွင်း) အမျိုးသား/အမျိုးသမီးပြိုင်ပွဲတွင်** ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်း ဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက **"ကျောင်းနေစဉ်"** ခေါင်းစဉ်ဖြင့်လည်းကောင်း ဂီတရသစုံလင်စွာ ဖော်ကျူးတေးဖွဲ့ယှဉ်ပြိုင်ကြသည်။

အလားတူ **တယောအတီးပြိုင်ပွဲ**ကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနရှိ လေ့ကျင့်ရေးခေတ်ရုံ၌ ကျင်းပရာ **အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင်** မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက **ဝေဘာဂီရိ(ကြိုး)** သီချင်းဖြင့်လည်းကောင်း၊ **အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲ**တွင် ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက **တိမ်တမန်(ကာလပေါ်)** သီချင်းဖြင့်လည်းကောင်း၊ **အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ အတွင်း) အမျိုးသမီးပြိုင်ပွဲတွင်** စစ်ကိုင်းတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက **မဟာဇနက (ခေတ်ဟောင်းကာလပေါ်)**သီချင်းဖြင့် လည်းကောင်း သာယာငြိမ့်ညောင်းစွာ တီးခတ်ယှဉ်ပြိုင်ကြသည်။

ထို့အတူ **ဆိုင်းတစ်ဦးချင်းအတီးပြိုင်ပွဲကို** ပုဗ္ဗသီရိခန်းမ၌ ကျင်းပရာ **အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင်** ကရင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ရှမ်းပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက **"စိမ်းလဲ့လဲ့ညိုပြာ (ကြိုး)"**သီချင်းဖြင့်လည်းကောင်း၊ **အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲတွင်** ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက **"မြန်မြေနယ်ဇမ္ဗူပါ(မြင်းခင်း)"** သီချင်းဖြင့်လည်းကောင်း၊ **အဆင့်မြင့်ပညာအဆင့် အမျိုးသမီးပြိုင်ပွဲတွင်** ရန်ကုန်တိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲများက **"မြန်မြေနယ်ဇမ္ဗူပါ (မြင်းခင်း)"**သီချင်းဖြင့် လည်းကောင်း မြိုင်မြိုင်ဆိုင်ဆိုင် တီးခတ်ယှဉ်ပြိုင်ကြသည်။

ထိုသို့ သတ်မှတ်နေရာများအလိုက် ပြိုင်ပွဲဝင်များ၏ ယှဉ်ပြိုင်နေမှုများကို ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများမှ တာဝန်ရှိသူများက လာရောက်ကြည့်ရှု အားပေးကြသည်။

၂၀၂၅ ခုနှစ် (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်) ပြိုင်ပွဲကို မြို့နယ်အဆင့်၊ ခရိုင်အဆင့်၊ တိုင်းဒေသကြီး/ပြည်နယ်အဆင့်၊ ဗဟိုအဆင့်ဟူ၍ အဆင့်ဆင့် ကျင်းပခဲ့ခြင်းဖြစ်ပြီး ဗဟိုအဆင့်ပြိုင်ပွဲတွင် အခြေခံပညာ (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း)၊ အခြေခံပညာ(အသက် ၁၅ နှစ်မှ ၂၀ အတွင်း)၊ အဆင့်မြင့်ပညာအဆင့်ဟူ၍ အဆင့်(၃)ဆင့်တို့တွင် ပြိုင်ပွဲဝင် ၁၆၆၁ ဦး ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ကာ အကဲဖြတ်ပညာရှင် ၁၀၇ ဦးဖြင့် စနစ်တကျ စိစစ်အကဲဖြတ်အမှတ်ပေးသွားကြမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



အဆင့်မြင့်ပညာအဆင့် မဟာဂီတ(အမျိုးသား)အဆိုပြိုင်ပွဲတွင် မွန်ပြည်နယ်မှ မောင်နန္ဒအောင် ယှဉ်ပြိုင်စဉ်။




အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်) (အမျိုးသား) ဆိုင်းတစ်ဦးချင်းပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်တစ်ဦး ယှဉ်ပြိုင်စဉ်။




အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀) (အမျိုးသမီး) တယောအတီးပြိုင်ပွဲတွင် ကချင်ပြည်နယ်မှ ပြိုင်ပွဲဝင်တစ်ဦး ယှဉ်ပြိုင်စဉ်။




အဆင့်မြင့်ပညာအဆင့် (အမျိုးသမီး) ဆိုင်းတစ်ဦးချင်းပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်တစ်ဦး ယှဉ်ပြိုင်စဉ်။




အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀) (အမျိုးသမီး) အကပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်တစ်ဦး ယှဉ်ပြိုင်စဉ်။



(၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်) ပြိုင်ပွဲ လာရောက်ကြည့်ရှုကြသူများကို တွေ့ရစဉ်။

# (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ မြင်ကွင်း

၂၀၂၅ ခုနှစ် (၂၆) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်) ပြိုင်ပွဲကို အောက်တိုဘာ ၇ ရက် နံနက်ပိုင်းမှစတင်ပြီး ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ သတ်မှတ်နေရာများတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိရာ အခြေခံပညာ(အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း)၊ အခြေခံပညာ(အသက် ၁၅ နှစ်မှ ၂၀ အတွင်း)၊ အဆင့်မြင့်ပညာ အဆင့်ဟူ၍ အဆင့်(၃) ဆင့်တို့တွင် ပြိုင်ပွဲဝင် ၁၆၆၁ ဦး ပါဝင်ယှဉ်ပြိုင်ကြသည်။




အရေးပြိုင်ပွဲကျင်းပစဉ်။



အဆင့်မြင့်ပညာအဆင့် မဟာဂီတ (အမျိုးသား)အဆိုပြိုင်ပွဲတွင် ရှမ်းပြည်နယ်မှ ပြိုင်ပွဲဝင်တစ်ဦးယှဉ်ပြိုင်စဉ်။




အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀) (အမျိုးသား)အက ပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်တစ်ဦးယှဉ်ပြိုင်စဉ်။




အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅) (အမျိုးသမီး) တယော အတီးပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်တစ်ဦး ယှဉ်ပြိုင်စဉ်။




အဆင့်မြင့်ပညာအဆင့် (အမျိုးသမီး) ဆိုင်းတစ်ဦးချင်းအတီး ပြိုင်ပွဲတွင် မွန်ပြည်နယ်မှ ပြိုင်ပွဲဝင်တစ်ဦးယှဉ်ပြိုင်စဉ်။



အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀) (အမျိုးသမီး)အက ပြိုင်ပွဲတွင် မကွေးတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်တစ်ဦးယှဉ်ပြိုင်စဉ်။




အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀) (အမျိုးသား)အက ပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်တစ်ဦးယှဉ်ပြိုင်စဉ်။




အဆင့်မြင့်ပညာအဆင့် (အမျိုးသား) ဆိုင်းတစ်ဦးချင်းအတီးပြိုင်ပွဲတွင် ကရင်ပြည်နယ်မှ ပြိုင်ပွဲဝင် တစ်ဦးယှဉ်ပြိုင်စဉ်။



(၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲသို့ လာရောက် ကြည့်ရှုကြသူများကို တွေ့ရစဉ်။

# မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်တွေ မပျောက်ပျက်စေရေးရည်ရွယ်ပြီး ကျင်းပတဲ့ပွဲဖြစ်တာကြောင့် ဂုဏ်ယူလို့မဆုံးဖြစ်မိပါတယ်

ကိုအောင်သူ

(၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီး၏ ပထမနေ့အဖြစ် ပြည်ထောင်စုနယ်မြေအတွင်းရှိ သတ်မှတ်နေရာအသီးသီးတွင် ဆက်လက်ကျင်းပလျက်ရှိရာ ပြိုင်ပွဲတွင် တာဝန်ယူကြရသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ နည်းပြများနှင့် ပြိုင်ပွဲဝင်များအား တွေ့ဆုံမေးမြန်းထားသည်များကို ပြန်လည်ဖော်ပြပေးလိုက်ရပါသည်-



ကိုအောင်သူ



မောင်ဆိုင်းဖိုးချစ်(ခ) နိုင်ပြည့်အောင်



မောင်ပြည့်ဖုန်းသွင်



မမြတ်နိုးကျော်



မောင်မင်းထောရွှတ်ပိုင်



မငွေစင်ကြယ်



မကြည်ကြည်သာ



မယွန်းလဲ့လဲ့မှီ



မောင်အောင်ဘိုဘို

**ကိုအောင်သူ**
**ဆိုင်းနည်းပြ (ကရင်ပြည်နယ်)**

ကရင်ပြည်နယ် ကိုယ်စားပြု ဆိုင်းနည်းပြအနေနဲ့ ဒီပွဲကြီးမှာ ပါဝင်ဖြစ်တာပါ။ အသက် (၁၀-၁၅)နဲ့ (၁၅-၂၀)ကို တာဝန်ယူထားတာဖြစ်ပါတယ်။ လက်ရှိမှာ ပြည်နယ်ကိုယ်စားပြုအနေနဲ့ ၁၀ ယောက် ပါဝင်ယှဉ်ပြိုင်တာဖြစ်ပါတယ်။ ပြင်ဆင်ချိန် တစ်လလောက် အတောအတွင်းမှာ ကြိုးစားလေ့ကျင့်ပြင်ဆင်ခဲ့ပါတယ်။ ဆို၊ က၊ ရေး၊ တီး အတွေ့အကြုံကတော့ အတော်များပါပြီ။ ဒါက သုံးကြိမ်မြောက် ဝင်ရောက်ယှဉ်ပြိုင်တာဖြစ်ပါတယ်။ ဆုတံဆိပ်ကတော့ မရရှိသေးပါဘူး။ ဒီနှစ်မှာတော့ ဆွတ်ခူးနိုင်မယ်လို့ ရည်မှန်းထားပါတယ်။ မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်တွေ မပျောက်ပျက်စေရေး ရည်ရွယ်ပြီး ကျင်းပတဲ့ပွဲဖြစ်တာကြောင့် ဂုဏ်ယူလို့မဆုံးဖြစ်မိပါတယ်။ ဒီလိုမျိုးပွဲတွေ ပြုလုပ်ပေးလို့လည်း ဝမ်းမြောက်ဝမ်းသာ ဖြစ်ရပါတယ်။

**မောင်ဆိုင်းဖိုးချစ်(ခ)**
**နိုင်ပြည့်အောင်**
**အသက်(အသက် ၁၀-၁၅)**
**ဆိုင်းတစ်ဦးချင်း**
**(ရန်ကုန်တိုင်းဒေသကြီး)**

စိမ်းလဲ့လဲ့ညိုပြာ(ကြိုး) သီချင်းနဲ့ ယှဉ်ပြိုင်ခဲ့တာဖြစ်ပါတယ်။ ချောချောမွေ့မွေ့နဲ့ ယှဉ်ပြိုင်နိုင်ခဲ့လို့ ကျေနပ်အားရမှုရှိပါတယ်။ သုံးပုဒ်ရွေးချယ်လေ့ကျင့်ထားပြီးတော့ မဲနှိုက်ပြီး ကျရာသီချင်းနဲ့ ယှဉ်ပြိုင်ရတာပါ။ ကိုယ်ပိုင်နိုင်တဲ့ သီချင်းတွေဖြစ်လို့ အခက်အခဲမရှိပါဘူး။ အရင်နှစ်က ပတ္တလား (၁၀-၁၅) ဝင်ပြိုင်ခဲ့ပြီးတော့ ဒုတိယရရှိခဲ့ပါတယ်။ ဒီနှစ်မှာတော့ (၁၀-၁၅)တန်းမှာ ဆိုင်းတစ်ဦးချင်းရယ်၊ ပတ္တလားရယ်၊ အဖွဲ့လိုက်ရယ် ယှဉ်ပြိုင်သွားမှာ ဖြစ်ပါတယ်။ လူငယ်တွေအတွက် ပညာလည်းရတယ်၊ အတွေ့အကြုံလည်းရတဲ့အတွက် ဒီလိုပြိုင်ပွဲမျိုးတွေ ကျင်းပပေးတာဟာ အင်မတန်မှ ကောင်းမွန်ပါတယ်။ မျိုးဆက်သစ် လူငယ်တွေအတွက် တကယ်ကောင်းတဲ့ အစီအစဉ်ဖြစ်ပါတယ်။

**မောင်ပြည့်ဖုန်းသွင်**
**အခြေခံပညာ(၁၀-၁၅)**
**ဆိုင်းတစ်ဦးချင်း(ရှမ်းပြည်နယ်)**

သေချာပိုင်ပိုင်နိုင်နိုင် လေ့ကျင့်ထားတဲ့အတွက် ယှဉ်ပြိုင်ရတဲ့အခါမှာတော့ အခက်အခဲသိပ်မရှိပါဘူး။ အကောင်းဆုံး ယှဉ်ပြိုင်ခဲ့တဲ့အတွက်ကြောင့်လည်း ဆုတံဆိပ်ရရှိဖို့ မျှော်မှန်းထားပါတယ်။ လေ့ကျင့် ပြင်ဆင်ချိန်ကတော့ တစ်လလောက်တော့ ရခဲ့ပါတယ်။ နောက်ထပ်လည်း ပြိုင်ပွဲတွေ ယှဉ်ပြိုင်သွားမှာ ဖြစ်ပါတယ်။ အခုလိုပြိုင်ပွဲတွေ ကျင်းပပေးတဲ့အတွက်လည်း နိုင်ငံတော်အကြီးအကဲနဲ့တကွ တာဝန်ရှိသူတွေကို ကျေးဇူးအထူးတင်ရှိပါတယ်။

**မမြတ်နိုးကျော်**
**အဆင့်မြင့်ပညာ(အမျိုးသမီး)**
**အက(ဧရာဝတီတိုင်းဒေသကြီး)**

တစ်ခါမှ မပြိုင်ဖူးပါဘူး။ ဒီနှစ်မှာ ပထမဦးဆုံးအကြိမ်အဖြစ် ဝင်ရောက်ယှဉ်ပြိုင်ခြင်း ဖြစ်ပါတယ်။ တိုင်းဒေသကြီးအဆင့်ပြိုင်ပွဲမှာ ပထမဆုရခဲ့လို့ အခုပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်နိုင်ခြင်းဖြစ်ပါတယ်။ အကကတော့ ငယ်ငယ်ကတည်းက ဝါသနာပါတာပါ။ နောက်ပိုင်းမှပဲ ကဖြစ်တာပါ။ ကျောင်းစုံညီပွဲတော်တွေ ဘာတွေမှာတော့ ကဖြစ်ပါတယ်။ အဲဒီကနေမှ အကကို နည်းပြသဘောမျိုးနဲ့ ပြန်လည်သင်ကြားပေးဖြစ်ပါတယ်။ ပြိုင်ပွဲဆိုတာမျိုးကတော့ ခုမှပဲ စပြိုင်ဖြစ်တာပါ။ ခုလိုမျိုး ပြိုင်ခွင့်ရတဲ့အတွက် အများကြီးဝမ်းသာမိသလို စိတ်လည်း တော်တော်လှုပ်ရှားရပါတယ်။ နှစ်တိုင်းပြိုင်သွားဖို့ အစီအစဉ်ရှိပါတယ်။

**မောင်သူရိန်ဇော်**
**အခြေခံပညာ(၁၅-၂၀)**
**အမျိုးသား အက**
**(တနင်္သာရီတိုင်းဒေသကြီး)**

ဒါက ကျွန်တော့်ရဲ့ ပထမဦးဆုံးပြိုင်ပွဲ ဖြစ်ပါတယ်။ အခုလိုမျိုး ယှဉ်ပြိုင်ခဲ့ရတဲ့ အတွက်လည်း အားရကျေနပ်မှု ရှိပါတယ်။ ကျွန်တော်ကတော့ ကျောင်းပိတ်ပြီး မေလလောက်ကတည်းက စတင်လေ့ကျင့်ခဲ့တာပါ။ ကျွန်တော့်ရဲ့ ပထမဦးဆုံးပြိုင်ပွဲဖြစ်လို့ အရမ်းလည်း ကြည်နူးမိသလို အတွေ့အကြုံတွေလည်း အများကြီးရပါတယ်။ ဝမ်းသာကျေနပ်မှုလည်း ရှိပါတယ်။

**မောင်မင်းထောရွှတ်ပိုင်**
**အခြေခံပညာ(၁၀-၁၅)**
**အမျိုးသား အက(ချင်းပြည်နယ်)**

အရင်နှစ်တုန်းက (၁၀-၁၅)မှာ ဝင်ပြိုင်ခဲ့ပါတယ်။ တတိယဆု ရရှိခဲ့ပါတယ်။ အခုက ဒုတိယအကြိမ်မြောက် ဝင်ပြိုင်ခြင်း ဖြစ်ပါတယ်။ ပြီးခဲ့တဲ့နှစ် ဝင်ပြိုင်ပြီးတဲ့နောက်မှာ ကျောင်းကပွဲတွေ၊ ရှင်ပြုအလှူပွဲမျိုးတွေ၊ ဘုရားပွဲတွေမှာ လိုက်ကဖြစ်ပါတယ်။ ရှေ့ဆက်ပြီးလည်း အနုပညာနဲ့ ပတ်သက်လို့ အများကြီး ဆက်လုပ်သွားမှာ ဖြစ်ပါတယ်။ ဆက်ပြီးလည်း ကြိုးစားသွားမှာပါ။ အခုလိုမျိုး ဝင်ရောက် ယှဉ်ပြိုင်ခွင့်ရတဲ့အတွက်လည်း အများကြီးဝမ်းသာပီတိဖြစ်မိပါတယ်။ အခြားသော တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေက ပြိုင်ပွဲဝင်တွေနဲ့ တွေ့ဆုံရတဲ့အတွက်ကြောင့်လည်း ပိုမိုရင်းနှီးချစ်ကြည်မှုတွေ တိုးရတာပေါ့ဗျာ။

**မငွေစင်ကြယ်**
**အဆင့်မြင့်ပညာ၊ အမျိုးသမီးအက**
**(ရခိုင်ပြည်နယ်)**

ဒီပြိုင်ပွဲ ယှဉ်ပြိုင်တာက ပထမဆုံးအကြိမ် မဟုတ်ပါဘူး။ အရင်တုန်းကလည်း အဆိုရော၊ အကရော ယှဉ်ပြိုင်ခဲ့ပါတယ်။ ဒီနှစ်မှာတော့ အကကိုပဲ ဝင်ရောက်ယှဉ်ပြိုင်ခဲ့တာပါ။ အဆိုက ဗဟိုအဆင့်မှာ ဒုတိယနဲ့ နှစ်သိမ့်ဆုရရှိခဲ့ပါတယ်။ ဒီနှစ်မှာတော့ ဆုတံဆိပ်တွေရရှိဖို့ အားခဲထားပါတယ်။ ပထမအကြိမ်ပြိုင်တုန်း ကတော့ ရင်ခုန်စိတ်လှုပ်ရှားခဲ့ရတာပေါ့။ အခုကတော့ တည်တည်ငြိမ်ငြိမ်နဲ့ ယှဉ်ပြိုင်နိုင်ခဲ့ပါတယ်။ ရန်ကုန်နဲ့ မန္တလေးတို့ကတော့ ခက်ခဲတဲ့ပြိုင်ဘက်တွေဖြစ်ပါတယ်။ ဖြစ်နိုင်ရင်တော့ ရွှေလိုချင်တာပေါ့။ အကောင်းဆုံး ကြိုးစားယှဉ်ပြိုင်သွားမှာပါ။

**မကြည်ကြည်သာ**
**အဆင့်မြင့်ပညာ၊ အမျိုးသမီး**
**ဆိုင်းတစ်ဦးချင်း (မွန်ပြည်နယ်)**

ရန်ကုန်မှာ ဆိုကရေးတီး လုပ်ကတည်းက ဗဟိုအဆင့်မှာ ဝင်ပြိုင်ဖြစ်ခဲ့ပြီး ကြေးနှစ်ဆု ရရှိခဲ့ပါတယ်။ နေပြည်တော်မှာကျင်းပတဲ့ ပြိုင်ပွဲတွေမှာတော့ ငွေနှစ်ဆုရရှိခဲ့ပါတယ်။ ဒီနှစ်မှာတော့ အကောင်းဆုံး ပြင်ဆင်ထားတဲ့အတွက်ကြောင့် ရွှေတံဆိပ်တော့ မှန်းထားပါတယ်။ ဒီပြိုင်ပွဲအတွက်ကို အများကြီးပြင်ဆင်ခဲ့ပါတယ်။ ကျောင်းတစ်ဖက်နဲ့ လုပ်နေရတဲ့အတွက်ကြောင့် ကျောင်းပြီးသွားရင်တော့ အနုပညာကိစ္စတွေ ပိုလုပ်ဖြစ်မှာပါ။ ဆိုင်းအပြင် ပတ္တလားတို့ဘာတို့လည်းဆက်လုပ်သွားဖို့ရှိပါတယ်။ ဒီလိုပြိုင်ပွဲတွေ ဝင်ရောက် ယှဉ်ပြိုင်ခြင်းအားဖြင့် အတွေ့အကြုံသစ်တွေ အများကြီး ရရှိပါတယ်။ သူငယ်ချင်းအသစ်တွေလည်း အများကြီးရရှိပါတယ်။

**မယွန်းလဲ့လဲ့မှီ**
**အဆင့်မြင့်ပညာ**
**အမျိုးသမီး ဆိုင်းတစ်ဦးချင်း**
**(မန္တလေးတိုင်းဒေသကြီး)**

ဒီပြိုင်ပွဲက သုံးကြိမ်မြောက် ဝင်ရောက်ယှဉ်ပြိုင်ခြင်း ဖြစ်ပါတယ်။ အရင်ပြိုင်ပွဲတွေတုန်းက ဆိုင်းတစ်ဦးချင်း ဒုတိယ၊ အဖွဲ့လိုက်ပြိုင်ပွဲမှာ ဒုတိယရရှိခဲ့ပါတယ်။ အခုပြိုင်ပွဲအတွက်တော့ ပြင်ဆင်ချိန် သိပ်မရခဲ့ပါဘူး။ အကောင်းဆုံးတော့ ကြိုးစားယှဉ်ပြိုင်သွားမှာ ဖြစ်ပါတယ်။ အနုပညာအနေနဲ့ကတော့ စောင်းတူရိယာကိုအထူးပြုပြီး ဆက်လက်လုပ်ဆောင်သွားဖို့ ရှိပါတယ်။ ဒီပြိုင်ပွဲကြီး ကျင်းပတဲ့အတွက်လည်း ဝမ်းသာမိသလို ကျေးဇူးလည်း အထူးတင်မိပါတယ်။ အထူးသဖြင့် သမီးတို့လို မျိုးဆက်သစ် လူငယ်တွေအတွက် မြန်မာ့ယဉ်ကျေးမှု အနုပညာကို ဆက်လက် ထိန်းသိမ်းပေးရာလည်း ရောက်ပါတယ်။

**မောင်အောင်ဘိုဘို**
**အဆင့်မြင့်ပညာ**
**အမျိုးသား ဆိုင်းတစ်ဦးချင်း**
**(ရန်ကုန်တိုင်းဒေသကြီး)**

မနှစ်က ကျင်းပတဲ့ (၂၅)ကြိမ်မြောက်မှာ စတင်ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ရွှေသုံးခု၊ ငွေတစ်ခု ဆွတ်ခူးနိုင်ပါတယ်။ ပြီးခဲ့တဲ့နှစ်မှာ ဆိုင်းအဖွဲ့လိုက်၊ အိုးစည်ဒိုးပတ်မှာ ရွှေရခဲ့ပြီးတော့ ဆိုင်းတစ်ဦးချင်းမှာ ငွေပဲရခဲ့ပါတယ်။ ဒါကြောင့် ဒီနှစ်မှာတော့ ဆိုင်းတစ်ဦးချင်းကို ရွှေမှန်းထားပါတယ်။ ကျောင်းတစ်ဖက်နဲ့ဆိုတော့ စိတ်ထင်သလောက်တော့ လုပ်မရဘူးပေါ့။ အတတ်နိုင်ဆုံးတော့ အကောင်းဆုံး ယှဉ်ပြိုင်သွားမှာ ဖြစ်ပါတယ်။

တွေ့ဆုံမေးမြန်း - လင်းရာမ
ဓာတ်ပုံ - ကိုထက်

# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

ရွေးကောက်ပွဲ ကျင်းပရန်
၈၁ ရက်
သာ လိုတော့သည်။

## မဲစာရင်းတစ်ခုမှ အခြားမဲစာရင်းတစ်ခုသို့ အမည်ပြောင်းရွှေ့လိုလျှင် ဆောင်ရွက်ရန်အချက်များ

- ဒေသတစ်ခုမှအခြားဒေသတစ်ခုသို့ ပြောင်းရွှေ့သည့်အခါ မဲစာရင်းတစ်ခုမှ အခြားမဲစာရင်းတစ်ခုသို့ အမည်ပြောင်းရွှေ့လိုလျှင် ၁၉၅၁ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း နေထိုင်သူများ မှတ်ပုံတင်ရေး နည်းဥပဒေ ၂၆ (၂) နှင့် နည်းဥပဒေ၂၇ (၁) တို့အရ ထုတ်ပေးသော ပုံစံ (၁၀) သို့မဟုတ် (၉၀/၁/နငသ) နှင့်အတူ လက်ရှိမဲဆန္ဒနယ်စာရင်း၌ မိမိအမည်ကို ပယ်ဖျက်ပေးရန် တောင်းဆိုလွှာပုံစံ (၄-က) ဖြင့် သက်ဆိုင်ရာ ရပ်/ကျေး ကော်မရှင်အဖွဲ့ခွဲမှတစ်ဆင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ တင်သွင်းဆောင်ရွက်ရန်၊
- ယင်းသို့ ဆောင်ရွက်ပြီးနောက် မိမိ၏အမည်ကို မဲစာရင်းမှပယ်ဖျက်ပြီးကြောင်း အထောက်အထားဖြစ်သည့် ပုံစံ (၄-ခ) ကို ယင်းရပ်/ကျေး ကော်မရှင်အဖွဲ့ခွဲမှ ရယူရမည်။ ထို့နောက် မိမိပြောင်းရွှေ့ရောက်ရှိသည့်နေရာ၏ အိမ်ထောင်စုလူဦးရေစာရင်း ပုံစံ (၆၆/၆) နှင့် ပုံစံ (၄-ခ) တို့ ပူးတွဲ၍ တောင်းဆိုလွှာ ပုံစံ (၃) ကို ရွေးကောက်ပွဲကျင်းပမည့်နေ့မတိုင်မီ ရက်ပေါင်း ၆၀ ထက် နောက်မကျစေဘဲ မိမိပြောင်းရွှေ့နေထိုင်ရာ ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲမှတစ်ဆင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ တင်သွင်းလျှောက်ထားရန်၊

## မဲစာရင်းများကို သွားရောက်ကြည့်ရှုပါ

မဲစာရင်းများကို ၃၀-၉-၂၀၂၅ ရက်နေ့မှ ၁၃-၁၀-၂၀၂၅ ရက်နေ့အထိ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲရုံးများတွင် ပထမအကြိမ် ကပ်ထားကြေညာထားပါသည်။ မဲစာရင်းတွင် အမည်မပါလျှင် ပုံစံ(၃) ဖြင့် တောင်းဆိုပါ။ အမည်နှင့်အချက်အလက်များကို ကန့်ကွက်ရန်ရှိပါက ပုံစံ(၄)ဖြင့် ကန့်ကွက်ပါ။ အချက်အလက်များပြင်ဆင်ရန်ရှိပါက ပုံစံ(၄-ဂ) ဖြင့် လျှောက်ထားပါ။ ယင်းပုံစံများကို သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲရုံးများတွင် အခမဲ့ရယူနိုင်ပါသည်။

## ရွေးကောက်ပွဲတွင် ယာယီနေရပ်စွန့်ခွာနေရသူများ ကြိုတင်မဲပေးနိုင်သည်

ယာယီနေရပ်စွန့်ခွာနေရသူများသည် မိမိတို့၏ နေရပ်ရင်း မဲဆန္ဒနယ်အတွက် ကြိုတင်မဲပေးနိုင်ရန် ပုံစံ(၁၅)များကို မိမိတို့ရောက်ရှိရာဒေသ မြို့နယ်ကော်မရှင်အဖွဲ့ခွဲတွင် အခမဲ့ရယူ၍ ၁၂-၁၀-၂၀၂၅ ရက်နေ့ နောက်ဆုံးထား လျှောက်ထားနိုင်သည်။

## ဘယ်လာရုစ်နိုင်ငံ ဖျော်ဖြေရေးအဖွဲ့ ပြင်ဦးလွင်မြို့တွင် လှည့်လည်ကြည့်ရှုလေ့လာ





ပြင်ဦးလွင် အောက်တိုဘာ ၇

မြန်မာ-ဘယ်လာရုစ် နှစ်နိုင်ငံ ချစ်ကြည်ရေး တိုးမြှင့်နိုင်ရန် အတွက် မြန်မာနိုင်ငံတွင် ရောက်ရှိနေသော ဘယ်လာရုစ်နိုင်ငံမှ ဖျော်ဖြေရေးအဖွဲ့သည် ယနေ့တွင် ပြင်ဦးလွင်မြို့ရှိ အထင်ကရနေရာများသို့ လှည့်လည်သွားရောက် ကြည့်ရှုလေ့လာကြသည်။

အဆိုပါ ဖျော်ဖြေရေးအဖွဲ့တွင် ဘယ်လာရုစ် တေးဂီတပညာရှင်နှင့် တေးရေး/တေးဆို Mr. Vladimir Sukolinsky ၊ အဆိုရှင်များဖြစ်ကြသည့် Ms.Nadezhda Bryleva နှင့် Ms. Anzhelika Zaitseva၊ မန်နေဂျာ Mr.Danila Kisievတို့ လေးဦးပါဝင်ပြီး မြန်မာ-ရုရှား ချစ်ကြည်ရေးအသင်း ဒုတိယဥက္ကဋ္ဌ မစ္စတာ အယ်လ်ဇန္ဒား၊ ရုရှားသံရုံးမှ ကိုယ်စားလှယ် Mr. Andrei Tretiakov နှင့် MRTV မှ တာဝန်ရှိသူများ လိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် ပြင်ဦးလွင်မြို့ အမျိုးသားကန်တော်ကြီး ဥယျာဉ်ရှိ ကျောက်ဖြစ်ရုပ်ကြွင်းပြတိုက်၊ အင်ကြင်းကျောက်ပြတိုက်၊ ရှုံ့နှံ့တော၊ ဝါးပိုးဝါးပင်များ ထိန်းသိမ်းထားရှိမှု၊ လိပ်ပြာပြတိုက်၊ မြန်မာသစ်ခွမျိုးရင်း ပြကွက်များအား ကြည့်ရှုလေ့လာကြသည်။

ဆက်လက်၍ ပြင်ဦးလွင်မြို့တွင်းရှိ အမှတ်တရပစ္စည်းအရောင်းဆိုင်များသို့ သွားရောက်ကြပြီး အမှတ်တရပစ္စည်းများ ဝယ်ယူအားပေးကြသည်။

ထိုမှတစ်ဆင့် ပွဲကောက်ရေတံခွန် အပန်းဖြေစခန်း (BE. FALLS)သို့ သွားရောက်ကြပြီး အပန်းဖြေစခန်းအတွင်းရှိ မှန်တံတားပေါ်မှ ဖြတ်သန်းကြည့်ရှုကာ ဆင်လိမ္မာ သရုပ်ပြသမှုအား ကြည့်ရှုကြသည်။

ဆက်လက်၍ အပန်းဖြေစခန်းအတွင်း ဘာဂီယာဉ်ဖြင့် လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ထိုသို့ သွားရောက်စဉ် မြန်မာတို့၏ သီတင်းကျွတ် ရုံးပိတ်ရက်ကာလအတွင်း လွတ်လပ်ပျော်ရွှင်စွာ အပန်းဖြေ လာရောက်နေကြသည့် ပြည်သူများနှင့် အတူတွေ့ဆုံနှုတ်ဆက်ခြင်း၊ စုပေါင်း၍ အမှတ်တရဓာတ်ပုံရိုက်ခြင်းများလည်း ဆောင်ရွက်ကြသည်။

အဆိုပါ ဖျော်ဖြေရေးအဖွဲ့သည် အောက်တိုဘာ ၅ ရက်တွင် မြန်မာနိုင်ငံသို့ ရောက်ရှိကြပြီး ယင်းနေ့ညပိုင်းက မန္တလေး မြို့တော်ခန်းမတွင်လည်းကောင်း၊ အောက်တိုဘာ ၆ ရက် ညပိုင်းက ပြင်ဦးလွင်မြို့ရှိ တပ်မတော် နည်းပညာတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ လည်းကောင်း ဖျော်ဖြေတင်ဆက်ခဲ့ကြကာ နေပြည်တော်နှင့် ရန်ကုန်မြို့တို့တွင် ဆက်လက်၍ ဖျော်ဖြေတင်ဆက်ကြမည် ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

○ စာမျက်နှာ ၂၄ မှ

အားကစားနှင့် ကာယပညာဦးစီးဌာန ယှဉ်ပြိုင်ရေးနှင့် လေ့ကျင့်ရေးဌာနခွဲ(၂) ညွှန်ကြားရေးမှူး၊ ရန်ကုန်တိုင်းဒေသကြီးအားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး၊ အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်)မှ ဒုတိယကျောင်းအုပ်ကြီးများ၊ မိဘဆွေမျိုး၊ မိတ်သင်္ဂဟများ၊ ရန်ကုန်တိုင်းဒေသကြီး အားကစားအောင်နိုင်ရေး အထောက်အကူပြုအဖွဲ့ဝင်များ၊ အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်)မှ သင်တန်းသား သင်တန်းသူများ၊ အားကစားဝါသနာရှင် ပရိသတ်များက အိုးစည်၊ ဒိုးပတ်များဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုခဲ့ကြသည်။

အဆိုပါ အောင်ပွဲရမြန်မာ (ISPE FC) အမျိုးသားဘောလုံးအသင်းသည် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှတစ်ဆင့် အနောက်မြင်းပြိုင်ကွင်းလမ်းရှိ ကျိုက္ကဆံ အားကစားကွင်း ဂိတ်နံပါတ်(၉)သို့ပြန်လည်ဝင်ရောက်ခဲ့ရာ အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်)မှ သင်တန်းသား သင်တန်းသူများက အောင်သပြေပန်းခက်များနှင့် ဂုဏ်ယူစွာဖြင့် သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

■

## နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် အခြေခံသမဝါယမအသင်းသားများမှ နေကြာသီးနှံ ဧက ၂၄၀ စိုက်ပျိုးထားရှိ

ကျောက်ဆည် အောက်တိုဘာ ၇

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်အတွင်းရှိ နေကြာစိုက်ပျိုးသည့် တောင်သူများ သွင်းအားစုစိုက်ထုတ်သုံးစွဲမှု အဆင်ပြေစေရေး မြို့နယ်သမဝါယမဦးစီးဌာနမှ နိုင်ငံ့စီးပွားရန်ပုံငွေဖြင့် တစ်ဧကငွေကျပ် နှစ်သိန်းနှင့်ညီမျှသော သွင်းအားစုများ ပံ့ပိုးပေးလျက်ရှိရာ ၂၀၂၅-၂၀၂၆ ခုနှစ်တွင် အခြေခံသမဝါယမ အသင်းသား ၇၅ဦးမှ နေကြာသီးနှံဧက ၂၄၀ စိုက်ပျိုးထားသည်။

နေကြာသီးနှံများစိုက်ပျိုးရာ၌ တောင်သူများအဆင်ပြေစေရေး နေကြာသီးနှံတစ်ဧကအတွက် ငွေကျပ်နှစ်သိန်းဖြင့် ကျီးအိပ်ကျေးရွာမှ အခြေခံသမဝါယမ အသင်းတောင်သူ ၄၀ဦး၏ နေကြာစိုက်ဧက ၁၂၀၊ ရွာတော်ကျေးရွာမှ အခြေခံသမဝါယမ အသင်းသား တောင်သူ ၃၅ ဦး၏ နေကြာစိုက်ဧက ၁၂၀၊ စုစုပေါင်း ဧက ၂၄၀ ပံ့ပိုးပေးထားသည်။

၀-၀-၀

၀-၀-၀-၀

❑ စာမျက်နှာ ၂၄ မှ


ရောင်းဝယ်မှုများကို ပြုလုပ်ကာ ရရှိသည့်ငွေကြေးများဖြင့် လက်နက်၊ ခဲယမ်းများဝယ်ယူ၍ ရခိုင်ပြည်နယ်အတွင်း အကြမ်းဖက်လုပ်ငန်းများ လုပ်ဆောင်ခြင်း၊ လက်နက်အားကိုးဖြင့် အပြစ်မဲ့ပြည်သူများအပေါ် အနိုင်ကျင့်နှိပ်စက် သတ်ဖြတ်ခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း သိရှိရသည်။

သို့ဖြစ်၍ မူးယစ်ဆေးဝါး သယ်ဆောင် ရောင်းဝယ်ခြင်းနှင့် အကြမ်းဖက်လုပ်ရပ်များကို မလိုလားသည့် ဒေသခံပြည်သူများ၏ သတင်းပေးပို့ချက်အရ ၂၀၂၅ ခုနှစ် စက်တင်ဘာ ၂၄ ရက်တွင် ရှမ်းပြည်နယ်မှ မူးယစ်ဆေးဝါးများအား ရန်ကုန်မြို့မှတစ်ဆင့် ရခိုင်ပြည်နယ်နှင့် မလေးရှားနိုင်ငံသို့ ပို့ဆောင်မည်ဖြစ်ကြောင်း သိရှိရသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပိတ်ဆို့ရှာဖွေစစ်ဆေးခဲ့ရာ လှည်းကူးမြို့နယ် လှည်းကူး-ဖောင်ကြီးလမ်းမပေါ်၌ ယာဉ်မောင်း အောင်ခန့်ကျော်နှင့် ယာဉ်နောက်လိုက် ထက်ဝေဖြိုးတို့ကို ၎င်းတို့မောင်းနှင်လာသည့် NISSAN CONDOR ယာဉ်ပေါ်မှ အိုက်စ် ၁၄၃၉ ကီလိုဂရမ်၊ တန်ဖိုးငွေကျပ် ၃၅ ဒသမ ၉၇ ဘီလီယံခန့်နှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး ၎င်းတို့နှစ်ဦး၏ ထွက်ဆိုချက်အရ စက်တင်ဘာ ၂၅ ရက်တွင် ရွှေပြည်သာမြို့နယ် တည်းကုန်းလမ်းဆုံအနီးရှိ "ရွှေမောင်း" လက်ဖက်ရည်ဆိုင်၌ မူးယစ်ဆေးဝါး သယ်ဆောင်မည့်ယာဉ်အား ၎င်းရမ်းချိတ်ဆက်ပေးသည့် ဇော်ဝင်းထွန်းနှင့် ဆန်းထွန်းကျော်တို့နှစ်ဦးကိုလည်းကောင်း၊ ထန်းတပင်မြို့နယ် စည်ပင်သာကျေးရွာရှိ နေအိမ်၌ မူးယစ်ဆေးဝါးများ သိုလှောင်သိမ်းဆည်းပေးသူ ဇော်လင်း၊ စောဇင်မင်းဟန်တို့ကို အိုက်စ် ၁၉၉၉ ကီလိုဂရမ်၊ တန်ဖိုးငွေကျပ် ၄၉ ဒသမ ၉၇ ဘီလီယံခန့်နှင့် အတူလည်းကောင်း ထပ်မံဖမ်းဆီးရမိခဲ့ကြောင်း သိရှိရသည်။

ဖမ်းဆီးရမိသူများ၏ဖော်ထုတ်ချက်အရ မူးယစ်ဆေးဝါးများအား သုံးခွမြို့နယ် သမစိတ္တကမ်းခြေမှ မလေးရှားနိုင်ငံသို့ ပို့ဆောင်မည်ဖြစ်ကြောင်းသိရှိရသဖြင့် လုံခြုံရေးပူးပေါင်းအဖွဲ့ဖြင့် ဖမ်းဆီးရမိရေး ဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၂၇ ရက်တွင် သမစိတ္တကျေးရွာအနီးရှိ နေအိမ်ဂိုဒေါင်၌ ဂိုဒေါင်ပိုင်ရှင်ဖြစ်သူ ကျော်နိုင်နှင့် မူးယစ်ဆေးဝါး သယ်ဆောင်ပေးခဲ့သည့် ယာဉ်မောင်း/ယာဉ်မောင်း အကူများဖြစ်သော သက်ပိုင်ဦး၊ ရဲကို၊ ဟိန်းထက်စိုး၊ ထက်နေလင်း၊ ဇင်မင်းလှိုင်၊ ဝေဖြိုးအောင်တို့ကို ကတ်တမင်း ၂၁၉၈ ကီလိုဂရမ်၊ တန်ဖိုး ငွေကျပ် ၁၀၉ ဘီလီယံခန့်နှင့် မူးယစ်ဆေးဝါး သယ်ဆောင်ရာတွင် အသုံးပြုခဲ့သည့် NISSAN VANETTE အဖြူရောင် ယာဉ်တစ်စီး၊ MITSUBISHI FUSO အဖြူရောင် ယာဉ်တစ်စီး၊ HYUNDAI PORTER အဖြူရောင် ယာဉ်တစ်စီးတို့နှင့်အတူ လည်းကောင်း၊ လှိုင်သာယာမြို့နယ် ရေဥက္ကံကျေးရွာ၌ မူးယစ်ဆေးဝါး သယ်ဆောင်မည့်ယာဉ်မောင်းများအား ချိတ်ဆက်ပေးသူ စိုးမင်းပိုင်ကိုလည်းကောင်း ဖမ်းဆီးရမိခဲ့ပြီး သတင်းဆက်အရ စက်တင်ဘာ ၂၈ ရက်တွင် လှိုင်သာယာမြို့နယ်

စာမျက်နှာ ၁၁ သို့

## AA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့မှ ရခိုင်ပြည်နယ် နှင့် မလေးရှားနိုင်ငံသို့ ပို့ဆောင်မည့် မူးယစ်ဆေးဝါးများဖမ်းဆီးရမိမှုဖြစ်စဉ်မှ ကွင်းဆက်အခြေပြဇယား






လှည်းကူးမြို့နယ် လှည်းကူး-ဖောင်ကြီးလမ်းမပေါ်၌ ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများ သယ်ဆောင်လာသည့် ယာဉ်နှင့် သိုဝှက်ထားရှိမှုကို တွေ့ရစဉ်။



မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိခဲ့သည့် ထန်းတပင်မြို့နယ် စည်ပင်သာကျေးရွာရှိ နေအိမ်နှင့် နေအိမ်အတွင်း သိုဝှက်ထားသည့် မူးယစ်ဆေးဝါးများကို တွေ့ရစဉ်။




ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများ၏ ထုပ်ပိုးမှုပုံစံများကို တွေ့ရစဉ်။



ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် သမစိတ္တကျေးရွာအနီး၌ ဖမ်းဆီးရမိခဲ့သည့် တရားခံများနှင့် မူးယစ်ဆေးဝါးများကို တွေ့ရစဉ်။







သုံးခွမြို့နယ် သမစိတ္တကျေးရွာရှိ ငါးကုန်စည်ဒိုင်အဆောက်အအုံနှင့် ငါးသယ်ယူပို့ဆောင်သည့် ရေခဲပုံးများအတွင်း မူးယစ်ဆေးဝါးများ သိုဝှက်ထားမှုကို တွေ့ရစဉ်။



ဖမ်းဆီးရမိ မူးယစ်ဆေးဝါး (ကတ်တမင်း) ထုပ်ပိုးမှုပုံစံကို တွေ့ရစဉ်။





သုံးခွမြို့နယ် သမစိတ္တကျေးရွာရှိ ကုန်စုံဆိုင်တွင် ဆန်အိတ်များနှင့် ရောနှော၍ သိုဝှက်သိမ်းဆည်းထားသည့် မူးယစ်ဆေးဝါးများကို တွေ့ရစဉ်။



ဖမ်းဆီးရမိ NISSAN VANETTE အဖြူရောင်ယာဉ်ကို တွေ့ရစဉ်။



ဖမ်းဆီးရမိ HYUNDAI PORTER အဖြူရောင်ယာဉ်ကို တွေ့ရစဉ်။





လှိုင်သာယာမြို့နယ် ဂိုဒေါင်အဆောက်အအုံအတွင်းရှိ မူးယစ်ဆေးဝါးများ သိုဝှက်ထားခဲ့သည့် မြေအောက်အခန်းအား ရှာဖွေမှုကို တွေ့ရစဉ်။

*စာမျက်နှာ ၁၀ မှ*

(၁၅)ရပ်ကွက် Smile World Spa ဆိုင်၌ မူးယစ်ဆေးဝါးများသိုလှောင်သိမ်းဆည်းပေးသူ ခင်မောင်တွတ်ကိုလည်းကောင်း၊ စက်တင်ဘာ ၂၉ ရက်တွင် တွံတေးမြို့နယ် ဘုရားငူကျေးရွာ၌ တင့်နိုင်ထွန်းအားလည်းကောင်း ထပ်မံဖမ်းဆီးရမိခဲ့သဖြင့် ဖြစ်စဉ်တွင် ဖမ်းဆီးရမိသူ ၁၆ ဦး၊ မော်တော်ယာဉ် လေးစီးနှင့် အိုက်စ် ၃၄၃၈ ကီလိုဂရမ်၊ ကတ်တမင်း ၂၁၉၈ ကီလိုဂရမ် စုစုပေါင်း မူးယစ်ဆေးဝါး တန်ဖိုးငွေကျပ် ၁၉၅ ဒသမ ၈၅ ဘီလီယံခန့်ကို ဖမ်းဆီးရမိခဲ့ကြောင်း သိရှိရသည်။

ဖမ်းဆီးရမိသူများ၏ ထွက်ဆိုချက်အရ ကာလိမြို့နေ စိုင်းနော်ခမ်း(ခ)ကိုစိုင်း (ဖမ်းဆီးရန်ကျန်)က ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင် ကျေးသီးမြို့နယ် ဝမ်ဟိုင်းဒေသမှ မူးယစ်ဆေးဝါးများကို ရမည်းသင်းမြို့သို့ပို့ဆောင်ပေးခဲ့ရာ ရမည်းသင်းမြို့မှ ရန်ကုန်မြို့သို့ အောင်ခန့်ကျော်နှင့် ထက်ဝေဖြိုးတို့က ဆက်လက်သယ်ဆောင်ခဲ့ကြောင်း၊ စိုင်းနော်ခမ်း (ဖမ်းဆီးရန်ကျန်)၏ စေခိုင်းချက်အရ ရခိုင်ပြည်နယ်သို့ပို့ဆောင်မည့် မူးယစ်ဆေးဝါးများကို ဇော်လင်းငွားရမ်းထားသည့် ထန်းတပင်မြို့နယ် စည်ပင်သာကျေးရွာရှိ နေအိမ်၌ သိုလှောင်သိမ်းဆည်းထားစဉ်ဖမ်းဆီးခံရခြင်းဖြစ်ကြောင်းနှင့် မလေးရှားနိုင်ငံသို့ပို့ဆောင်မည့် မူးယစ်ဆေးဝါးများကို ခင်မောင်တွတ်က လှိုင်သာယာမြို့နယ်၌ ခေတ္တသိုလှောင်သိမ်းဆည်းပေးခဲ့ပြီး ၎င်းနေရာမှတစ်ဆင့် ပင်လယ်ကမ်းစပ်ဖြစ်သည့် သုံးခွမြို့နယ် သမစိတ္တကျေးရွာရှိ ကျော်နိုင်၏ ဂိုဒေါင်သို့ ပို့ဆောင်သိုလှောင်ခဲ့ကြောင်း၊ ဖမ်းဆီးရမိသူ ကျော်နိုင်၏ထွက်ဆိုချက်အရ ဂိုဒေါင်၌ ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများကို AA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့မှ စီးပွားရေးတာဝန်ခံများဖြစ်သည့် ရဲဇော်(ဖမ်းဆီးရန်ကျန်)နှင့် ချစ်မင်း(ဖမ်းဆီးရန်ကျန်)တို့က ပင်လယ်ရေလမ်းကြောင်းဖြင့် မလေးရှားနိုင်ငံသို့ ဆက်လက်ပို့ဆောင်ရန် စီစဉ်နေစဉ် ဖမ်းဆီးခံရခြင်းဖြစ်ကြောင်း သိရှိရသည်။

သို့ဖြစ်၍ မူးယစ်ဆေးဝါးများနှင့်အတူ ဖမ်းဆီးရမိသူများအား ဥပဒေအရ ထိရောက်စွာအရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး တရားခံပြေးများအပါအဝင် ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဖော်ထုတ်ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိပြီး ပြည်သူများအနေဖြင့်လည်း မူးယစ်ဆေးဝါးသယ်ဆောင်သည့်သတင်းများရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာသတင်းပေးတိုင်ကြားနိုင်ကြောင်းနှင့် သတင်းပေးသူနှင့် ပူးပေါင်းပါဝင်ဖမ်းဆီးပေးသူများအား လျှို့ဝှက်၍ ဆုငွေများ ထိုက်တန်စွာ ချီးမြှင့်ပေးမည်ဖြစ်ကြောင်း အသိပေး သတင်းထုတ်ပြန်ထားသည်။

သတင်းစဉ်

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် ပြင်ဦးလွင်မြို့ရှိ ရှေးဟောင်းသမိုင်းဝင် ရွှေမြင်တင်ဘုရားနှင့် မဟာအံ့ထူးကံသာဘုရားတို့ကို သွားရောက်ဖူးမြော်ကြည်ညို

**မန္တလေး အောက်တိုဘာ ၇**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့်အဖွဲ့သည် တာဝန်ရှိသူများ လိုက်ပါပြီး ယနေ့နံနက်ပိုင်းက ပြင်ဦးလွင်မြို့ ၃၂ မိုင် အောင်ချမ်းသာရွာ၊ ဝိပဿီဓမ္မရိပ်သာရှိ ကံကူပြည့်မြတ်စွာဘုရားကို သွားရောက်ဖူးမြော်ကြည်ညိုသည်။

၎င်းနောက် ဗြဟ္မစရိယ ဓမ္မဗိမာန်တော်တွင် ဝိပဿီဓမ္မရိပ်သာ ဦးစီးပဓာန နာယက အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညိန္ဒမဟာထေရ်အား ဖူးမြော်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဇနီးက သင်္ကန်းအစရှိသည့် လှူဖွယ်ပစ္စည်းများနှင့်နဝကမ္မဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းပြီး ဩဝါဒများ ခံယူခဲ့ကြသည်။

ဆက်လက်၍ ပြင်ဦးလွင်မြို့ရှိ ရှေးဟောင်းသမိုင်းဝင် ရွှေမြင်တင်ဘုရား နှင့် မဟာအံ့ထူးကံသာဆုတောင်းပြည့်ဘုရားများကို သွားရောက်ဖူးမြော်ကြည်ညိုပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် ဂေါပကအဖွဲ့ထံ အလှူငွေများ ဆက်ကပ်လှူဒါန်းပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က တာဝန်ရှိသူများအား ဘုရားဖူးလာပြည်သူများ စိတ်ချမ်းမြေ့စွာ ဖူးမြော်နိုင်ရေးနှင့် ဘုရားပရဝဏ်အတွင်း အပြင်အစဉ်အမြဲသန့်ရှင်းသပ်ရပ်ပြီး အမြင်တင့်တယ်စေရေးတို့ကို စနစ်တကျအစီအမံများဖြင့် ဆောင်ရွက်သွားရေးတို့ကို ပြောကြားပြီး လိုအပ်သည်များကို ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။



၎င်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် အမျိုးသားကန်တော်ကြီးဥယျာဉ်သို့ ရောက်ရှိပြီး ပြည်တွင်း၊ ပြည်ပခရီးသွားဧည့်သည်များ လာရောက်လည်ပတ်နေမှုများ၊ တေးဂီတဖျော်ဖြေမှုအစီအစဉ်များဖြင့် အေးချမ်းပျော်ရွှင်စွာဆင်နွှဲနေမှုများ၊ ဈေးဆိုင်ခန်းများဖြင့် ရောင်းချပေးနေမှုများကို လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်းနှင့်နေ့ထူးနေ့မြတ်ကာလ၊ အခါကြီးရက်ကြီးများတွင် ပြည်တွင်း၊ ပြည်ပခရီးသွားဧည့်သည်များ၊ အနယ်နယ်အရပ်ရပ်မှပြည်သူများ ပြင်ဦးလွင်မြို့ရှိ သဘာဝအလှအပရှုခင်းများနှင့် အပန်းဖြေစခန်းများ၊ အထင်ကရနေရာများသို့ လည်ပတ်ကြသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်)**





# မန္တလေးမြို့ အထက(၁၁) ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲ ကျင်းပ

**မန္တလေး အောက်တိုဘာ ၇**

မန္တလေးမြို့ အခြေခံပညာအထက်တန်းကျောင်း အ-ထ-က (၁၁)ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ (၁၈)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို အောက်တိုဘာ ၆ရက် နံနက်ပိုင်းက အဆိုပါကျောင်းအတွင်း ပြုလုပ်ခဲ့သည်။

ရှေးဦးစွာ ကန်တော့ခံဆရာကြီး၊ ဆရာမကြီးများအား ရှိခိုးကန်တော့ကြပြီးနောက် ဆရာကြီး၊ ဆရာမကြီးများက ကျောင်းသား၊ ကျောင်းသူများအား ဆုံးမအမှာစကားပြောကြားခဲ့ကြောင်း၊ ဆက်လက်၍ ဆရာကြီး၊ ဆရာမကြီး ၁၁၇ ဦးအား တစ်ဦးလျှင်ငွေကျပ်သုံးသိန်းနှုန်းဖြင့် ကန်တော့ခဲ့ကြသည်။

ထို့ပြင် ဆရာကြီး၊ ဆရာမကြီးများအား ကျန်းမာရေးစောင့်ရှောက်မှုများကို ပေးအပ်နိုင်ရန် ငွေများ ထည့်ဝင်လှူဒါန်းခြင်းနှင့် နယ်ဝေးမှ လာရောက်ကြသော ဆရာကြီး၊ဆရာမကြီးများကို ခရီးစရိတ် လှူဒါန်းခြင်းများ ပြုလုပ်ခဲ့ကြသည်။



ဆက်လက်၍ အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ ဥက္ကဋ္ဌ ဦးအောင်ကျော်ဦးက အာစရိယပူဇော်ပွဲနှင့်ပတ်သက်၍ ကုန်ကျစရိတ်များ ရှင်းလင်းခြင်း၊ လာမည့်နှစ်များတွင် အာစရိယပူဇော်ပွဲများကို ဆက်လက်ကျင်းပသွားနိုင်ရန်အတွက် စနစ်တကျလုပ်ဆောင်သွားမည်ဖြစ်ကြောင်း ပြောကြားပြီး တက်ရောက်လာသူများကို အစားအသောက်များဖြင့် ကျွေးမွေးဧည့်ခံခဲ့ကြကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**(မန္တလေးနေ့စဉ်-၈)**

**စိမ်းလန်းစိုပြည်လှပစေဖို့ သန့်ရှင်းသော ကမ္ဘာမြေကို စောင့်ရှောက်စို့။**



# တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် သား၊ သမီးများအား ဂုဏ်ပြုဆုချီးမြှင့်

**နေပြည်တော် အောက်တိုဘာ ၇**

စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၄၂) ကျောင်းဆင်းအရာရှိများ၏ မိသားစုဝင်များမှ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် သား၊သမီးများအား ဆုချီးမြှင့်ဂုဏ်ပြုသည့် အခမ်းအနားကို အောက်တိုဘာ ၅ ရက် နံနက်ပိုင်းက နေပြည်တော်ရှိ မင်္ဂလာသီရိဟိုတယ်၌ ကျင်းပရာ ထူးချွန်စွာ အောင်မြင်ခဲ့သည့် ခြောက်ဘာသာ ဂုဏ်ထူးရှင် တစ်ဦး၊ ငါးဘာသာ ဂုဏ်ထူးရှင် သုံးဦး၊ လေးဘာသာ ဂုဏ်ထူးရှင် ရှစ်ဦး၊ သုံးဘာသာ ဂုဏ်ထူးရှင် လေးဦး၊ နှစ်ဘာသာ ဂုဏ်ထူးရှင် ငါးဦး တစ်ဘာသာ ဂုဏ်ထူးရှင် ငါးဦး နှင့် ရိုးရိုးအောင်မြင်သူ ၁၉ ဦး၊ စုစုပေါင်းကျောင်းသား၊ ကျောင်းသူ ၄၀ ဦးအား တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ပေးအပ်ခဲ့ကြောင်း သိရသည်။**(အပေါ်ပုံ)**

**အောင်ကို(ပြန်/ဆက်)**



## မန္တလေးတက္ကသိုလ် ရာပြည့်အထိမ်းအမှတ် ဘာသာရပ်ပေါင်းစုံအာစရိယပူဇော်ပွဲ ကျင်းပ

**မန္တလေး အောက်တိုဘာ ၇**

မန္တလေးတက္ကသိုလ် ရာပြည့် အထိမ်းအမှတ် ဘာသာရပ်ပေါင်းစုံ အာစရိယပူဇော်ပွဲအခမ်းအနားကို အောက်တိုဘာ ၅ ရက် (ကမ္ဘာ့ဆရာများနေ့)မွန်းလွဲ ၁ နာရီက မန္တလေးတက္ကသိုလ်တွဲနှင်းသဘင်ခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတက္ကသိုလ် ဘာသာရပ်ဌာန အသီးသီးတွင် တာဝန်ထမ်းဆောင်ခဲ့သော အသက် (၇၀)နှစ်နှင့်အထက် ကန်တော့ခံ ဆရာ၊ ဆရာမကြီး ၆၁၅ ဦး တက်ရောက်ကြသည်။

အခမ်းအနားတွင် မန္တလေး တက္ကသိုလ်ကျောင်းသား၊ကျောင်းသူ ၂၀ဦးက မြတ်ဆရာသီချင်းဖြင့် ဆီမီးထွန်းညှိပူဇော်ကြသည်။

ဆက်လက်၍ မန္တလေး တက္ကသိုလ်ပါမောက္ခချုပ်ဒေါက်တာ နေဝင်းဦးက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး မြန်မာစာဌာန ပါမောက္ခ(ငြိမ်း)ဒေါက်တာ မောင်မောင်လေးက အာစရိယ ပူဇော်ပွဲ အခမ်းအနား ဂုဏ်ပြုရတု ရွတ်ဆိုသည်။

ထို့နောက် အာစရိယပူဇော်ပွဲ ကျင်းပရေးဆပ်ကော်မတီမှ ပါမောက္ခချုပ်(ငြိမ်း) ဒေါက်တာ သီတာဝင်းက ပါဝင်ကူညီလှူဒါန်းသူများအား ကျေးဇူးတင်စကား ပြောကြား မြန်မာစာဌာန ပါမောက္ခဒေါက်တာအောင်ကျော်မိုးက အာစရိယပူဇော်ပွဲကန်တော့ချီး တိုင်ပေးကာ ကန်တော့ကြပြီး ဆရာ၊ ဆရာမကြီးများအား ကန်တော့ငွေနှင့် ကန်တော့ပစ္စည်းများ ပေးအပ်ကြသည်။ ကန်တော့ခံ ဆရာ၊ ဆရာမကြီးများ ကိုယ်စားသတ္တဗေဒဌာနပါမောက္ခ (ငြိမ်း)ဒေါက်တာ အက်(ဖ်)ဒယ်လ်ဖင်က ဆုပေးစကားများ ပြောကြားခဲ့ကြကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**မောင်ပြည်သူ(မန္တလေး)**



## မြို့မဈေးတွင် သီတင်းကျွတ်အခါရက် ဈေးရောင်း၊ ရောင်းဝယ်များဖြင့် စည်ကား

**တောင်တွင်းကြီး အောက်တိုဘာ ၇**

မြန်မာလူမျိုးတို့၏ နေ့ထူး နေ့မြတ်တစ်ခုဖြစ်သည့် သီတင်းကျွတ်အခါသမယ ရောက်ရှိလာပြီဖြစ်သည့်အတွက် အောက်တိုဘာလဆန်းပိုင်းမှစတင်၍ မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့၊ မြို့မဈေးအတွင်း ဈေးရောင်း၊ ဈေးဝယ်များဖြင့် စည်ကားလျက်ရှိသည်။

ဝါလကင်းလွတ် သီတင်းကျွတ်အခါသမယတွင် ရဟန်း၊ သံဃာတော်များနှင့် ဗုဒ္ဓဘာသာလူမျိုးများအနေဖြင့် အစဉ်အလာကောင်းများပြုလုပ်ကြရာ၌ ဘုရား၊ တရား၊ သံဃာ၊မိဘ၊ဆရာသမားများနှင့် သက်ကြီးဝါကြီးများအား မွန်မြတ်သော စိတ်ထားဖြင့် ပူဇော်ကန်တော့သည့်ကာလ၊ အနယ်နယ် အရပ်ရပ်တွင် အလုပ် လုပ်ကိုင်နေသူများအနေဖြင့် မိသားစုဆွေမျိုးများရှိရာသို့ ပြန်လည်ရောက်ရှိသည့်ကာလဖြစ်ပြီး ကောင်းမှုကုသိုလ်များ ပြုလုပ်ခြင်း၊ဘိုးဘွား၊ မိဘ၊ ဆွေမျိုး၊ သက်ကြီးဝါကြီးများအား ပူဇော်ကန်တော့သည့်ကာလဖြစ်သည့်အတွက် လှူဖွယ်ပစ္စည်းများဖြစ်သည့် ဘုရားပန်းများ၊ သစ်သီးဝလံများ၊ ရောင်စုံမီးပုံးနှင့် လျှပ်စစ်မီးပန်း၊ မီးဆိုင်းများ၊ ဆီမီးပူဇော်ရန် ဖယောင်းတိုင်၊ အမွှေးတိုင်၊ ဆီမီးခွက်၊ မီးစာ၊ အဝတ်အထည်၊ မုန့်နှင့် စားသောက်ကုန်ပစ္စည်းများ အရောင်းသွက်လျက်ရှိပြီး သီတင်းကျွတ်ကာလ ကောင်းမှုကုသိုလ်ပြုရန် ဒေသခံပြည်သူများ၊ ရပ်ဝေးမှ ဈေးရောင်း၊ ဈေးဝယ်များဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

**(အပေါ်ပုံ)**

**နောင်နောင်(ဗိသနိုးမြေ)**

## သန့်ရှင်းသာယာလှပစေရေး ဌာနဆိုင်ရာများ စုပေါင်းသန့်ရှင်းရေးပြုလုပ်

**တောင်တွင်းကြီး အောက်တိုဘာ ၇**

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့ ရှေးဟောင်း သမိုင်းဝင် ဇေယျမင်္ဂလာ ရွှေအင်းတောင်စေတီတော်မြတ်ကြီး ပရိဝုဏ် ပတ်ဝန်းကျင်သန့်ရှင်းသာယာပြီး ဘုရားဖူးလာပြည်သူများ စိတ်အေးချမ်းသာစွာ လာရောက်ဖူးမြော်နိုင်ရန် ရည်ရွယ်၍ ဌာနဆိုင်ရာများ စုပေါင်း၍ ယမန်နေ့ နံနက်ပိုင်းက စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့သည်။

စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ရာသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူး ဦးခိုင်ဇော်ဦးတို့က ကြည့်ရှုအားပေးခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် ချုံနွယ်များနှင့် အမြင်မတင့်တယ်သည့် သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်း၊ ပေါင်းမြက်များနုတ်ခြင်း၊ဘုရားကြီးရင်ပြင်တော်နှင့် လှေကားများ သန့်ရှင်းရေးဆောင်ရွက်ခြင်း၊ စွန့်ပစ်အမှိုက်များ ကောက်ယူခြင်း၊ အမှိုက်လှည်းခြင်းလုပ်ငန်းများကို စုပေါင်းဆောင်ရွက်ခဲ့ကြပြီး ထွက်ရှိလာသည့် အမှိုက်များကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများက အမှိုက်သိမ်းမော်တော်ယာဉ်ဖြင့် စနစ်တကျ သယ်ယူစွန့်ပစ်ပေးခဲ့သည်။



ထို့ပြင် တောင်တွင်းကြီးမြို့ သန့်ရှင်းသာယာလှပစေရေး၊ မြို့အင်္ဂါရပ်နှင့်အညီ ဖြစ်စေရေးအတွက် ဌာနဆိုင်ရာများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များ စုပေါင်းကာ အထင်ကရနေရာများ၊ ဘုရား၊ စေတီပတ်ဝန်းကျင်များ၊ အခြေခံပညာကျောင်းများတွင် အပတ်စဉ် စနေနေ့တိုင်း စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(အောက်ဝဲပုံ)**

**နောင်နောင်(ဗိသနိုးမြေ)**

၀-၀-၀-၀-၀-၀-၀

## ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ်အခမ်းအနား ကျင်းပ

**ကျိုင်းတုံ အောက်တိုဘာ ၇**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့၌ ၂၀၂၅ ခုနှစ်၊ကမ္ဘာ့ဆရာများနေ့အခမ်းအနားကို အောက်တိုဘာ ၅ ရက်တွင် အမှတ်(၂)၊အခြေခံပညာအထက်တန်းကျောင်း သံလွင်ခန်းမက ကျင်းပသည်။ **(အောက်ပုံ)**

အခမ်းအနားတွင် ကျိုင်းတုံခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးနိုးဝေက ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတထံမှ ပေးပို့သည့် သဝဏ်လွှာကို ဖတ်ကြားပြီး ပြည်နယ်ပညာရေးမှူးရုံး (ရုံးခွဲ) ကျိုင်းတုံမှ ညွှန်ကြားရေးမှူး ဒေါ်နော်ရှသ်က ကုလသမဂ္ဂ လက်အောက်ခံအဖွဲ့ငါးဖွဲ့၏ အဖွဲ့ခေါင်းဆောင်များမှ ပေးပို့သော ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် စုပေါင်းသဝဏ်လွှာကို ဖတ်ကြားခဲ့သည်။

ထို့နောက် ၂၀၂၅ ခုနှစ် ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် အခြေခံပညာအထက်တန်း၊အလယ်တန်းဆင့် စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲများတွင် ဆုရရှိသည့် ကျောင်းသား၊ ကျောင်းသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ပြီး အခြေခံပညာဦးစီးဌာနမှ အငြိမ်းစားယူခဲ့သော ကန်တော့ခံအသက်(၇၀) နှစ်နှင့်အထက် ဆရာကြီး၊ဆရာမကြီး ၆၇ဦးအား ဂါရဝပြုငွေသားများနှင့်အတူ စုပေါင်းကန်တော့ခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

*-*-*-*-*



## အာဆီယံကျောင်းသား အားကစားပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် သင်တန်းသား၊ သင်တန်းသူများအား ထောက်ပံ့

**မန္တလေး အောက်တိုဘာ ၇**

(၁၄)ကြိမ်မြောက် အာဆီယံကျောင်းသားအားကစားပွဲတော်သို့ ဝင်ရောက်ယှဉ်ပြိုင်မည့် ပဏာမမြန်မာ့လက်ရွေးစင်အဖြစ် ရွေးချယ်ခံရသည့် အားကစားနှင့် ကာယပညာသိပ္ပံ(မန္တလေး)မှ သင်တန်းသား၊ သင်တန်းသူ သုံးဦးအား ကျောင်းအုပ်ကြီး (ကိုယ်စား) ဒုတိယကျောင်းအုပ်ကြီး(လေ့ကျင့်၊ပညာ)က အောက်တိုဘာ ၃ရက် နံနက်ပိုင်းက ချမ်းမြသာစည်မြို့နယ်၊၇၃ လမ်းရှိ အားကစားနှင့် ကာယပညာသိပ္ပံ(မန္တလေး)ကျောင်းအုပ်ကြီး ရုံးအစည်းအဝေးခန်းမတွင် ကျင်းပခဲ့သည်။



အခမ်းအနားတွင် ဒုတိယကျောင်းအုပ်ကြီး(လေ့ကျင့်၊ပညာ) မှ ဂုဏ်ပြုအမှာစကားပြောကြားပြီး သင်တန်းသား တစ်ဦးလျှင် ငွေကျပ် နှစ်သိန်းစီ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**(ဝဲပုံ) (၀၄၅)**

# နိုင်ငံတကာ အားကစား သတင်းများ

## အဒမ်ဝါတန်ကို ခေါ်ယူရန် ပရီးမီးယားလိဂ်ကလပ်အသင်းများ အပြိုင်စိတ်ဝင်စား




**လန်ဒန် အောက်တိုဘာ ၇**

ပရီးမီးယားလိဂ်ကလပ်အသင်းများဖြစ်သည့် လီဗာပူး၊ ချဲလ်ဆီးနှင့် မန်စီးတီးအသင်းတို့သည် ခရစ္စတယ်ပဲလေ့စ်အသင်း ကွင်းလယ်ကစားသမား အဒမ်ဝါတန်ကို ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

အသက်(၂၁)နှစ်အရွယ်ရှိ အဒမ်ဝါတန်သည် ခရစ္စတယ်ပဲလေ့စ်အသင်းနှင့်အတူ ၂၀၂၃-၂၀၂၄မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၅၃ပွဲ ကစားပြီး ခြေစွမ်းပြထားခြင်းကြောင့် ပရီးမီးယားလိဂ်ကလပ်အသင်းများက ခေါ်ယူရန် စိတ်ဝင်စားလာခြင်းဖြစ်သည်။

ခရစ္စတယ်ပဲလေ့စ်အသင်းကလည်း အဒမ်ဝါတန်အတွက် မြင့်မားသည့် ပြောင်းရွှေ့ကြေးပေးချေမည့် မည်သည့်အသင်းကိုမဆို ရောင်းချသွားမည်ဖြစ်သည်။

ထို့ကြောင့် လီဗာပူး၊ ချဲလ်ဆီးနှင့် မန်စီးတီးအသင်းတို့ အနေဖြင့် မည်သည့်အသင်းက ခရစ္စတယ်ပဲလေ့စ်အသင်းထံမှ အဒမ်ဝါတန်ကို ခေါ်ယူနိုင်မည်လားဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။

(ဝဲပုံ)
(NGB)

## ရပ်ဆဲလ်မာတင်ကို နည်းပြရာထူးမှ ရိန်းဂျားစ်အသင်းထုတ်ပယ်

**လန်ဒန် အောက်တိုဘာ ၇**

ရိန်းဂျားစ်အသင်းသည် အသင်းနည်းပြ ရပ်ဆဲလ်မာတင်အား နည်းပြရာထူးမှ ထုတ်ပယ်ခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

ရိန်းဂျားစ်အသင်းသည် ယခုနှစ်ဘောလုံးရာသီ စကော့တလန်အမှတ်ပေးပြိုင်ပွဲ ခုနစ်ပွဲကစားအပြီးတွင် ရမှတ်ရှစ်မှတ်ဖြင့် အဆင့်(၈)နေရာတွင် ရပ်တည်ပြီး ရလဒ်များဆိုးရွားခဲ့ခြင်းကြောင့် နည်းပြ ရပ်ဆဲလ်မာတင်ကို နည်းပြရာထူးမှ ထုတ်ပယ်ခဲ့ခြင်း ဖြစ်သည်။

နည်းပြ ရပ်ဆဲလ်မာတင်သည် ရိန်းဂျားစ်အသင်းကို ၂၀၂၅ ခုနှစ် ဇွန် ၅ ရက်က စတင်ကိုင်တွယ်ပြီး ပြိုင်ပွဲ ၁၇ ပွဲတွင် ငါးပွဲနိုင်၊ ခြောက်ပွဲသရေ၊ ခြောက်ပွဲရှုံး ရလဒ်ပိုင်ဆိုင်ခဲ့သည်။

ရိန်းဂျားစ်အသင်းထုတ်ပြန်ချက်တွင် "နည်းပြ ရပ်ဆဲလ်မာတင်ကို နည်းပြရာထူးမှ ထုတ်ပယ်လိုက်ပါပြီ။ အသင်းအနေနဲ့ နည်းပြသစ်တစ်ဦး အမြန်ဆုံးရှာဖွေခန့်အပ်သွားမှာပါ"ဟု ထုတ်ပြန်သည်။ **(အောက်ပုံ)**(NGB)



## ဘိုင်ယန်မြူးနစ်အသင်းတွင်သာ ဆက်ရှိသွားမည်ဟု ဟယ်ရီကိန်းပြောကြား

**မြူးနစ် အောက်တိုဘာ ၇**

ဘိုင်ယန်မြူးနစ်အသင်း တိုက်စစ်မှူးဟယ်ရီကိန်းက မိမိအနေဖြင့် အသင်းမှထွက်ခွာမည်ဆိုသော သတင်းများသည် ကောလာဟလများသာဖြစ်ကြောင်း အသင်းတွင်သာ ဆက်ရှိသွားမည်ဟု ပြောကြားခဲ့သည်။

အဆိုပါ တိုက်စစ်မှူးကို လက်ရှိအချိန်တွင် ပရီးမီးယားလိဂ်ကလပ်အသင်းများစွာက ခေါ်ယူရန် စိတ်ဝင်စားနေသော်လည်း ၎င်းက အသင်းတွင်သာ ဆက်ရှိသွားမည်ဖြစ်သည်။

တိုက်စစ်မှူး ဟယ်ရီကိန်းသည် ဘိုင်ယန်မြူးနစ်အသင်းနှင့်အတူ ၂၀၂၃-၂၀၂၄ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၀၆ ပွဲ ကစားပြီး ၁၀၃ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။

အသက်(၃၂)နှစ်အရွယ်ရှိ ဟယ်ရီကိန်းက "ကျွန်တော် အသင်းမှာပဲ ဆက်ရှိသွားမှာပါ။ ဒီအသင်းနဲ့အတူ အောင်မြင်မှု ဆုဖလားများစွာ ရယူသွားမှာပါ"ဟု ပြောသည်။**(အောက်ပုံ)** (NGB)





## 2025 European Open တင်းနစ်ပြိုင်ပွဲ အောက်တိုဘာ ၁၃ ရက်တွင် စတင်မည်

**လန်ဒန် အောက်တိုဘာ ၇**

ဘယ်လ်ဂျီယံနိုင်ငံတွင် ကျင်းပမည်ဖြစ်သော အမျိုးသားတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2025 European Open တင်းနစ်ပြိုင်ပွဲသည် လာမည့် အောက်တိုဘာ ၁၃ ရက်တွင် စတင်သွားမည်ဖြစ်သည်။

အဆိုပါ 2025 European Open တင်းနစ်ပြိုင်ပွဲကို အောက်တိုဘာ ၁၃ ရက်မှ ၂၀ ရက်အထိ ရှစ်ရက်ကြာ ကျင်းပသွားမည်ဖြစ်သည်။

2025 European Open တင်းနစ်ပြိုင်ပွဲသို့ နာမည်ကျော် တင်းနစ်ကစားသမားများစွာ ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။ **(အပေါ်ပုံ)**

European Open တင်းနစ်ပြိုင်ပွဲ၏ လက်ရှိချန်ပီယံမှာ စပိန်တင်းနစ်ကစားသမား Roberto Bautista Agut ဖြစ်သည်။(NGB)

## အန်ဒရစ်ကို အငှားဖြင့် ခေါ်ယူရန် ဝက်စ်ဟမ်းအသင်းစီစဉ်

**လန်ဒန် အောက်တိုဘာ ၇**

ဝက်စ်ဟမ်းအသင်းသည် ရီးရဲလ်မက်ဒရစ်အသင်း တိုက်စစ်မှူး အန်ဒရစ်ကို အငှားဖြင့် ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

အသက်(၁၉)နှစ်အရွယ်ရှိ တိုက်စစ်မှူးသည် ရီးရဲလ်မက်ဒရစ်အသင်းနှင့်အတူ ပြိုင်ပွဲစုံ ၃၇ပွဲ ကစားပြီး ခုနစ်ဂိုး သွင်းယူကာ ခြေစွမ်းပြထားခြင်းကြောင့် အငှားဖြင့် ခေါ်ယူရန် စီစဉ်လာခြင်းဖြစ်သည်။

အန်ဒရစ်ကိုယ်တိုင်ကလည်း လက်ရှိအချိန် ရီးရဲလ်မက်ဒရစ်အသင်းနှင့် အဆင်မပြေဖြစ်နေခြင်းကြောင့် အသင်းမှထွက်ခွာရန် ဆန္ဒရှိနေသည်။

ထို့ကြောင့် ဝက်စ်ဟမ်းအသင်းအနေဖြင့် လာမည့် ဆောင်းရာသီ ဈေးကွက်အတွင်းတွင် ရီးရဲလ်မက်ဒရစ်အသင်းထံမှ အန်ဒရစ်ကို ခေါ်ယူနိုင်မည်လား ဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။ (ဝဲပုံ) (NGB)




## အိုရိုင်လေး အင်္ဂလန်လက်ရွေးစင်အသင်းတွင် ရွေးချယ်ခြင်းခံရ

**လန်ဒန် အောက်တိုဘာ ၇**

မန်စီးတီးအသင်း နောက်ခံကစားသမား အိုရိုင်လေးသည် နိုင်ငံ့လက်ရွေးစင်အသင်းဖြစ်သည့် အင်္ဂလန်လက်ရွေးစင်အသင်းတွင် ပထမဆုံးအကြိမ်အဖြစ် ရွေးချယ်ခြင်းခံခဲ့ရသည်။

အဆိုပါ နောက်ခံကစားသမားသည် လက်ရွေးစင်အသင်းမှ ရီးစ်ဂျိမ်းစ် ဒဏ်ရာရရှိခဲ့ခြင်းကြောင့် အစားထိုးရွေးချယ်ခံခဲ့ရသည်။

နောက်ခံကစားသမား အိုရိုင်လေးသည် ကလပ်အသင်းဖြစ်သည့် မန်စီးတီးအသင်းနှင့်အတူ ၂၀၂၄-၂၀၂၅ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံပွဲ ၃၀ ကစားပြီး ငါးဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့်လည်း လက်ရွေးစင်အသင်းအတွက် ရွေးချယ်ခံခဲ့ရခြင်းဖြစ်သည်။



အင်္ဂလန်လက်ရွေးစင်အသင်းသည် ၂၀၂၆ ကမ္ဘာ့ဖလားခြေစမ်းပွဲစဉ်အဖြစ် လာမည့် အောက်တိုဘာ ၁၀ ရက်တွင် ဝေးလ်အသင်းနှင့် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

(ဝဲပုံ) (NGB)

## နည်းပြ ကင်နာဗာရိုကို နည်းပြသစ်အဖြစ် ဥဇဘက်ကစ္စတန်လက်ရွေးစင်အသင်း ခန့်အပ်

**လန်ဒန် အောက်တိုဘာ ၇**

ဥဇဘက်ကစ္စတန်လက်ရွေးစင်အသင်းသည် အသင်းနည်းပြသစ်အဖြစ် နည်းပြ ကင်နာဗာရိုကို ခန့်အပ်ခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါနည်းပြသည် နည်းပြဘဝတစ်လျှောက်တွင် ဘင်နီဗန်တို၊ အယ်လ်နာဆာ၊ အူဒီးနီစ်စသည့် ကလပ်အသင်းများအပြင် အခြားကလပ်အသင်းများစွာကို ကိုင်တွယ်ပြီး အတွေ့အကြုံရှိသည့် နည်းပြတစ်ဦးဖြစ်ခြင်းကြောင့် ဥဇဘက်ကစ္စတန်လက်ရွေးစင်အသင်းက နည်းပြသစ်အဖြစ် ခန့်အပ်ခဲ့ခြင်းဖြစ်သည်။

အသက်(၅၂)နှစ်အရွယ်ရှိ ကင်နာဗာရိုက "ကျွန်တော် အခုလို ဥဇဘက်ကစ္စတန်လက်ရွေးစင်အသင်းနည်းပြသစ်အဖြစ် ခန့်အပ်ခြင်းခံရလို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ ကျွန်တော့်ကို ယုံကြည်စွာနဲ့ တာဝန်ပေးအပ်ခဲ့တဲ့ အသင်းတာဝန်ရှိသူအားလုံးကိုလည်း အထူးကျေးဇူးတင်ပါတယ်။ ဒီအသင်းအောင်မြင်တိုးတက်ဖို့ အစွမ်းကုန်ကြိုးစားသွားမှာပါ"ဟု ပြောသည်။

(အောက်ပုံ) (NGB)



## ဘာကိုလာ ပေါင်ခြံဒဏ်ရာကြောင့် ပြင်သစ်လက်ရွေးစင်အသင်း၏ လူစာရင်းမှ နုတ်ထွက်

**ပါရီ အောက်တိုဘာ ၇**

ပီအက်စ်ဂျီအသင်း တိုက်စစ်မှူး ဘာကိုလာမှာ ပေါင်ခြံဒဏ်ရာကြောင့် နိုင်ငံ့လက်ရွေးစင်အသင်းဖြစ်သည့် ပြင်သစ်လက်ရွေးစင်အသင်း လူစာရင်းမှ နုတ်ထွက်ခဲ့ပြီဖြစ်သည်။

အသက်(၂၃)နှစ်အရွယ်ရှိ တိုက်စစ်မှူးသည် ကလပ်အသင်းဖြစ်သည့် ပီအက်စ်ဂျီအသင်းအတွက် ပါဝင်ကစားရင်း ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။

တိုက်စစ်မှူး ဘာကိုလာ ဒဏ်ရာပြဿနာကြောင့် နုတ်ထွက်သွားခဲ့သဖြင့် ပြင်သစ်လက်ရွေးစင်အသင်း တိုက်စစ်ပိုင်းအတွက်လည်း ထိုးနက်ချက်တစ်ရပ်ဖြစ်လာခဲ့သည်။

တိုက်စစ်မှူး ဘာကိုလာသည် ပြင်သစ်လက်ရွေးစင်အသင်းနှင့်အတူ ၂၀၂၅ ခုနှစ်အတွင်း ပြိုင်ပွဲ ငါးပွဲ ကစားကာ တစ်ဂိုး သွင်းယူပြီး ခြေစွမ်းပြထားသည်။

**(အောက်ပုံ)** (NGB)



### ဘောလုံးသတင်း အတိုအထွာများ

* ဥရောပဘောလုံးအဖွဲ့ချုပ် (UEFA)သည် ဥရောပလိဂ်ပွဲစဉ်အချို့ကို နိုင်ငံရပ်ခြား သွားရောက်ကစားမည့် အစီအစဉ်အား ခွင့်ပြုခဲ့ကြောင်း တရားဝင်ထုတ်ပြန်ကြေညာခဲ့သည်။

* အမေရိကန်နည်းပညာရှင် ဘရွတ်ကလင်းအာရစ်ခ်က မိမိအနေဖြင့် စပါးအသင်းအား ဝယ်ယူမည့်ကိစ္စကို နောက်ဆုတ်လိုက်ပြီဖြစ်ကြောင်း အတည်ပြု ပြောကြားခဲ့သည်။ (NGB)

### ကမ္ဘာ့ဖလား ၂၀၂၆ အာရှဇုန် ခြေစစ်ပွဲ(စတုတ္ထအဆင့်)အုပ်စုအဆင့်ပွဲစဉ်များ — နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | အုပ်စု | ပွဲစဉ် | နောက်ဆုံးတွေ့ဆုံမှု |
|---|---|---|---|---|
| ၈-၁၀-၂၀၂၅ ဗုဒ္ဓဟူးနေ့ | ညနေ ၉:၀၀ နာရီ | A | အိုမန် - ကာတာ | အိုမန် ၂-၁ ကာတာ |
| " | ည ၁၁:၄၅ နာရီ | B | အင်ဒိုနီးရှား - ဆော်ဒီအာရေဗျ | အင်ဒိုနီးရှား ၂-၁ ဆော်ဒီအာရေဗျ |

## ဆီမီး(၃၀၀၀)ပူဇော်ကျင်းပခြင်းနှင့် ဘုရားဖူးပြည်သူများဖြင့် စည်ကားလျက်ရှိ

**ပျော်ဘွယ် အောက်တိုဘာ ၇**

ပျော်ဘွယ်မြို့နယ်တွင် သီတင်းကျွတ်လပြည့်နေ့၌ မင်းရာမဘုရားတွင် ဘုရားဂေါပကအဖွဲ့၏ဦးဆောင်မှုဖြင့် အောက်တိုဘာ ၆ ရက်၊ ည ၆ နာရီခွဲက ပန်း၊ ရေချမ်းကပ်လှူခြင်း၊ ဆီမီး ၃၀၀၀ ထွန်းညှိပူဇော်ပွဲ ပြုလုပ်ရာ ဘုရားဖူးပြည်သူများ၊ ကုသိုလ်ကောင်းမှုပြုသူများဖြင့် စည်ကားလျက်ရှိသည်။

သီတင်းကျွတ်လပြည့်နေ့သည် ဗုဒ္ဓဘာသာဝင်များအတွက် နေ့ထူးနေ့မြတ်ဖြစ်သည်နှင့်အညီ ဘုရားရှင်အား ပူဇော်သည့် အနေဖြင့် ဆီမီးများထွန်းညှိပူဇော်ခြင်း၊ ပန်းရေချမ်းကပ်လှူပူဇော်ခြင်းစသည့် ကောင်းမှုကုသိုလ်များကို ဆောင်ရွက်ကြခြင်းဖြစ်သည်။



မြတ်စွာဘုရားရှင် တာဝတိံသာနတ်ပြည်မှ ဆင်းသက်ကြွမြန်းလာသည်ကို ရည်စူး၍ ဘုရားရှင်အား ပူဇော်သည့်အနေဖြင့် ဘုရားစေတီများ၊ ဘုန်းတော်ကြီးကျောင်းများ၊ အထွဋ်အမြတ်ထားရှိရာ နေရာများတွင် ဆီမီးကပ်လှူပူဇော်ခြင်းကို သီတင်းကျွတ်လပြည့်နေ့တိုင်းတွင် ဗုဒ္ဓဘာသာဝင်များ ဆင်ယင်ကျင်းပလျက်ရှိကြောင်း သိရသည်။

(ယာပုံ)

**မင်းမင်းထွေး(ပျော်ဘွယ်)**

## ရွေးကောက်ပွဲနှီးဆော် အသိပညာပေးဆိုင်ရာ မြေစိုက်ပိုစတာ စိုက်ထူခြင်း အခမ်းအနားကျင်းပ

**သရက် အောက်တိုဘာ ၇**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့နယ်အတွင်း ရွေးကောက်ပွဲနှီးဆော် အသိပညာပေးဆိုင်ရာ မြေစိုက်ပိုစတာ (Bill–bord)စိုက်ထူခြင်း အခမ်းအနားကို ယနေ့ နံနက် ၉ နာရီက မင်းတုန်းလမ်းအကျဉ်းဦးစီးဌာနရှေ့နှင့် ရွှေဘုံသာဘုန်းတော်ကြီးကျောင်းအနီးရှိ စေတီ(၁၀၀၀) ဘုရားကြီးရှေ့တို့တွင် ဆောင်ရွက်ခဲ့သည်။

ရွေးကောက်ပွဲနှီးဆော် အသိပညာပေးဆိုင်ရာ မြေစိုက်ပိုစတာအား ဖွင့်လှစ်ပေးပြီး ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ "နိုင်ငံသားအခွင့်အရေးမဆုံးရှုံးဖို့ မဲပေးကြပါစို့" မြေစိုက် ပိုစတာအား အမွှေးနံ့သာရေဖြင့် ပက်ဖျန်းပေးခဲ့ပြီး ရွေးကောက်ပွဲ နှီးဆော်အသိပညာပေးဆိုင်ရာ မြေစိုက်ပိုစတာစိုက်ထူခြင်း အမှတ်တရ မှတ်တမ်းဓါတ်ပုံ ရိုက်ကူးခဲ့ကြောင်း သိရသည်။



(အပေါ်ပုံ)

**သရက်ခရိုင်(ပြန်/ဆက်)**

## နိုင်ငံသားအခွင့်အရေး မဆုံးရှုံးဖို့ မဲပေးကြပါစို့ မြေစိုက်ပိုစတာ စိုက်ထူ



**မြင်းခြံ အောက်တိုဘာ ၇**

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲ နိုင်ငံသားအခွင့်အရေး မဆုံးရှုံးဖို့ မဲပေးကြပါစို့ မြေစိုက်ပိုစတာ စိုက်ထူခြင်းကို ယနေ့ နံနက် ၈ နာရီက စိုက်ထူခဲ့သည်။

အဆိုပါ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ နိုင်ငံသားအခွင့်အရေး မဆုံးရှုံးဖို့ မဲပေးကြပါစို့ မြေစိုက်ပိုစတာ စိုက်ထူအပြီးတွင် ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေး ကော်မတီ ဥက္ကဋ္ဌ ဦးမင်းမင်းထွန်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးစိုးထွဋ်နှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများက အမွှေးနံ့သာများဖြင့် ပက်ဖျန်းခဲ့ကြသည်။


ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်စေရန်အတွက် ပိုစတာများကို မြင်းခြံမြို့ လူစည်ကားရာ နေရာများဖြစ်သည့် မြင်းခြံ-ညောင်ဦး ကားလမ်း၊ မြင်းခြံ-မန္တလေး ကားလမ်းနှင့် မြို့လည် အ·ထ·က(၁)ကျောင်းရှေ့တို့တွင် စိုက်ထူခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(၃၆၆)

၀-၀-၀-၀-၀

၀-၀-၀-၀



သစ်တောသစ်ပင်

ချစ်ခင်တဲ့လူမျိုး

သစ်ပင်ကို

နှစ်စဉ်စိုက်

ရွှေတိုက်ကိုစိုး။

ဖတ်စရာ၊ မှတ်စရာ
စုံလင်
ယနေ့နေ့စဉ်

### ဂန္ထဝင် စံတင်ကြ

* မဟာဆန်ဆန် တစ်ခေတ်ဆန်း
နှစ်သက်တမ်း ကြာရှည်ပြီ
ကာရံအလင်္ကာ အနအလှတွေက
ရွှန်းမြဝေစည် ။

* ရာဇဝင် သုခမတွေနဲ့
ကျော်ကြားတဲ့ တို့မြန်မာ
ရိုးရာအမွေ ဂုဏ်ရှိန်တောက်လို့
ဖြိုးမောက်ခဲ့တာ ။

* ရွှေဂန္ထဝင် အလှတိုးအောင်
ရှယ်ကိုးလို့ စောင့်ရှောက်လေ
တို့ရိုးရာ တို့သွေးသက်
မျိုးဆက်ဂုဏ်တွေ ။

* ဂန္ထဝင် စံတင်ကြ
မွေးရာသကို
ရေးစာဆို ဂုဏ်ကျေးဇူးများက
ထူးမြတ်ပေစွ ။ ။

မောင်မောင်လင်းထွဋ်(နန်းတော်ရှေ့)

## သက်ကြီးရွယ်အိုများဆိုင်ရာ အသိပညာပေး Talk Show ဆောင်ရွက်

**သရက် အောက်တိုဘာ ၇**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် လူမှုဝန်ထမ်းဦးစီးဌာနတို့ ပူးပေါင်းတင်ဆက်သည့် သက်ကြီးရွယ်အိုများဆိုင်ရာ အသိပညာပေး Talk Show ဆောင်ရွက်ခြင်းကို ယမန်နေ့ နံနက် ၁၁နာရီက ခရိုင်ပြည်သူ့စာကြည့်တိုက် Community Centre ခန်းမ၌ ဆောင်ရွက်ခဲ့သည်။

အဆိုပါ Talk Show ဆောင်ရွက်ရာတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နေမျိုးပိုင်နှင့် လူမှုဝန်ထမ်းဦးစီးဌာန လက်ထောက်ညွှန်ကြား ရေးမှူး ဒေါ်နော်ဖောဝါးတို့က သက်ကြီးရွယ်အိုများ၏ အသက်အပိုင်းအခြား၊ သက်ကြီးရွယ်အိုများဆိုင်ရာ ဥပဒေနှင့် နည်းဥပဒေများ ပြဋ္ဌာန်းခဲ့ခြင်း၊ သက်ကြီးရွယ်အိုများ၏ ခံစားခွင့်၊ မိသားစုစောင့်ရှောက်မှု၊ အိမ်အခြေပြု၊ ရပ်ရွာအခြေပြုစောင့်ရှောက်မှု၊ လူမှုစောင့်ရှောက်မှု စသည့် အကြောင်းအရာများကို ဆွေးနွေးခဲ့ကြောင်း သိရသည်။




(ဝဲပုံ)

**ဇော်ထက်(သရက်)**

၀-၀-၀-၀-၀

၀-၀-၀-၀

## သဘာဝဘေးအန္တရာယ်များ ကယ်ဆယ်ဆောင်ရွက်နိုင်ရေး လေ့ကျင့်မှုများဆောင်ရွက်

**အထက်မင်းလှ အောက်တိုဘာ ၇**

မကွေးတိုင်းဒေသကြီး၊ မင်းလှမြို့နယ် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့အနေဖြင့် ရည်မှန်းချက် တာဝန်(၄)ရပ်နှင့်အညီ ဆောင်ရွက်လျက်ရှိရာ ဒေသအတွင်း သဘာဝဘေးအန္တရာယ်နှင့် အခြားသော ဘေးအန္တရာယ်များကျရောက်လာပါက အရေးပေါ် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ရန်အတွက် ရှာဖွေကယ်ဆယ်ရေးဖွဲ့ထားရှိမှုနှင့် လေ့ကျင့်မှုများကို ယမန်နေ့ နံနက် ၇ နာရီက မီးသတ်ဦးစီးဌာနရုံး၌ ဆောင်ရွက်ခဲ့သည်။



ထိုသို့ ဆောင်ရွက်ရာတွင် မီးသတ်ဦးစီးဌာန လက်ထောက်မီးသတ်ဦးစီးမှူး ဦးအောင်ကိုကို ဦးဆောင်သော တပ်ဖွဲ့ဝင်များက မင်းလှမြို့နယ်အတွင်း သဘာဝဘေးအန္တရာယ်များ ဖြစ်ပွားလာပါက ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ လျင်မြန်စွာတုံ့ပြန်နိုင်ရေးအတွက် ရှာဖွေကယ်ဆယ်ရေး သုံးပစ္စည်းများနှင့် အထောက်အကူပြုပစ္စည်းကိရိယာများဖြင့် လေ့ကျင့်မှုများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ (ဝဲပုံ)

**ဝင်းမြတ်(အထက်မင်းလှ)**



## တမာပင်လဲ၍ လမ်းပိတ်ဆို့ခြင်းနှင့် လျှပ်စစ်ဓာတ်တိုင်များ ကျိုးပဲ့ပျက်စီးမှုများ ရှင်းလင်း

**ညောင်ဦး အောက်တိုဘာ ၇**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်၊ ပုဂံမြို့ဟောင်း တောင်ဘီကျေးရွာအတွင်း တမာပင်လဲ၍ လမ်းပိတ်ဆို့ခြင်းနှင့် လျှပ်စစ်ဓာတ်တိုင်များ ကျိုးပဲ့ပျက်စီးခြင်းများကို အောက်တိုဘာ ၂ ရက် နံနက် ၁၀ နာရီခွဲခန့်က ဖြစ်ပွားခဲ့ရာ မီးသတ်တပ်ဖွဲ့ဝင်များက ဖယ်ရှားရှင်းလင်းခဲ့သည်။

အဆိုပါပျက်စီးခြင်းတို့ကို ဖယ်ရှားရှင်းလင်းနိုင်ရေးအတွက် ညောင်ဦးမြို့နယ်မီးသတ်စခန်းမှ ဒုတိယမြို့နယ်မီးသတ်ဦးစီးမှူး ဦးရဲမင်းထွန်း ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်ရှစ်ဦး၊အထောက်အကူပြုယာဉ်တစ်စီး၊ အမှတ်(၅) အရန်မီးသတ်တပ်ဖွဲ့မှ အရန်တပ်ဖွဲ့ဝင် ရှစ်ဦး၊ ဝံသာနုရက္ခိတလူမှုကူညီရေးအသင်းမှ ခြောက်ဦး၊ လူမှုကူညီရေးယာဉ်တစ်စီးတို့ဖြင့် ရှင်းလင်းဆောင်ရွက်ခဲ့ကြသည်။

ထိုတမာပင်သည် သက်တမ်းနှစ် ၅၀ ခန့်ရှိပြီး ပင်စည်လုံးပတ် ၅ ပေ ခန့်၊ အမြင့် ၃၅ ပေခန့်ရှိပြီး မိုးရွာသွန်းမှုကြောင့် မြေသားနိုင်ခံ့မှုမရှိဘဲ အမြစ်လန်လဲကျကာ လမ်းမကြီးပိတ်ဆို့ခြင်းနှင့် အတူ လျှပ်စစ်ဓာတ်တိုင်လေးတိုင် ကျိုးပဲ့ပျက်စီးခဲ့ကြောင်း၊လူ၊ တိရစ္ဆာန်နှင့် အခြားအဆောက်အအုံများ ထိခိုက်ပျက်စီးမှုမရှိကြောင်း သိရသည်။

**(အပေါ်ပုံ) (၄၈၁)**

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## တရားမဝင် လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့ဆိုင်ကယ်နှင့် တရားမဝင် ကုန်ပစ္စည်းတင်ယာဉ်များ သိမ်းဆည်းရမိ

**နေပြည်တော် အောက်တိုဘာ ၇**

တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူ ဆောင်ရွက်လျက်ရှိရာ စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၃၀ ရက်တွင် မုံရွာမြို့နယ်အတွင်း၌ လိုင်စင်မဲ့ဆိုင်ကယ်တစ်စီးကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ စစ်ကိုင်းမြို့နယ်၊ ပဲကတိုးကျေးရွာအနီး၌ တရားမဝင် ရွှေတူးဖော်ရာတွင် အသုံးပြုသည့် မုံအိုးကိုးလုံးနှင့် ဆက်စပ်ပစ္စည်းနှစ်မျိုးကို မြန်မာ့သတ္တုတွင်းဥပဒေအရလည်းကောင်း၊ စစ်ကိုင်းမြို့ ရတနာပုံ တံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားဝင် စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း တစ်မျိုးကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း သိမ်းဆည်း အရေးယူဆောင်ရွက်လျက်ရှိသည်။



ထို့အပြင် ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၃ ရက်တွင် ဟိုပုံးမြို့နယ်အတွင်း၌ ယာဉ်တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းတစ်မျိုးနှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Yutong Bus တစ်စီးကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုတွဲဖွင့်လှစ်ထားရှိကြောင်း သိရသည်။ (ဝဲပုံ)

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

## မန္တလေးမြို့တွင် တစ်ရက်တည်း မီးလောင်ကျွမ်းမှု နှစ်ကြိမ် ဖြစ်ပွား

**မန္တလေး အောက်တိုဘာ ၇**

မန္တလေးမြို့အတွင်း အောက်တိုဘာ ၆ရက် ညပိုင်းက ချမ်းမြသာစည်မြို့နယ်နှင့် ပြည်ကြီးတံခွန်မြို့နယ်တို့တွင် မီးလောင်ကျွမ်းမှုများ ဖြစ်ပွားခဲ့ကြောင်း မြို့နယ်မီးသတ်ဦးစီးဌာနက သိရသည်။

မန္တလေး၊ ၅၉(ဘီ)လမ်း၊ ၁၃၁လမ်းနှင့် ၁၃၂ လမ်းကြား၊ (ဆ)ရပ်ကွက်ရှိ သွပ်မိုးထရံကာ နှစ်ထပ်အိမ်ပေါ်သို့ ည ၇ နာရီခွဲခန့်က မီးပုံးပျံပျက်ကျ၍ မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ပြီး နှစ်ထပ်အိမ်အပေါ် ထပ်မီးလောင်ဆုံးရှုံးခဲ့ကြောင်း၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၁)ရပ်ကွက်၊ ၆၂(အေ)လမ်း၊ ၁၀၁ လမ်းနှင့် ၁၀၂ လမ်းကြားရှိ RC နှစ်ထပ်အိမ်တွင် ည ၈ နာရီခန့်က မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့သည်။

မီးပုံးပျံပျက်ကျ၍ မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ခြင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာရဲစခန်းက အမှုဖွင့်လှစ်ခြင်းမရှိကြောင်း၊ ဖြစ်ပွားခဲ့သော မီးလောင်ကျွမ်းမှုကြောင့် လူနှင့် တိရစ္ဆာန်ထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်း သိရသည်။

မီးလောင်ကျွမ်းရာနေရာများသို့ မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူများ၊ သက်ဆိုင်ရာမှ တာဝန်ရှိသူများ ဦးဆောင်၍ မီးငြိမ်းသတ်ယာဉ်၊ ရေသယ်ယာဉ်၊ အုပ်ချုပ်မှုယာဉ်အုပ်စုများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ သန္နေမီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်းမီးငြိမ်းသတ်ခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၈)**

၀-၀-၀-၀-၀-၀-၀

## လိုင်စင်မဲ့ မော်တော်ဆိုင်ကယ် လက်ဝယ်ထားစီးနင်းသူများအား ဖမ်းဆီးအရေးယူ

**ကျိုက်ထို အောက်တိုဘာ ၇**

မွန်ပြည်နယ်အတွင်းရှိ မြို့နယ်အချို့၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်လက်ဝယ်ထားစီးနင်းသူများအား ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၂ ရက်က ကျိုက်ထိုမြို့နယ်အတွင်း လိုင်စင်မဲ့မော်တော်ဆိုင်ကယ် လက်ဝယ်ထားစီးနင်းသူ ကျိုက်ထိုမြို့နယ်၊ ကုံကော်ရပ်ကွက်နေ ထွန်းထွန်းဝင်း (၂၃)နှစ်နှင့် သိမ်ဇရပ်မြို့၊ ကန်တော်ဦးရပ်ကွက်နေ အောင်မျိုးထွန်း(၂၉)နှစ်အားလည်းကောင်း၊ သံဖြူဇရပ်မြို့နယ်အတွင်း လိုင်စင်မဲ့ မော်တော်ဆိုင်ကယ်လက်ဝယ်ထားစီးနင်းသူ ပငကျေးရွာနေ သန်းဌေး(၄၅)နှစ်အားလည်းကောင်း၊ ပေါင်မြို့နယ်အတွင်း လိုင်စင်မဲ့မော်တော်ဆိုင်ကယ် လက်ဝယ်ထားစီးနင်းသူ ကျိုက်ထိုမြို့နယ်၊ ကော့စံနိုင်ရပ်ကွက်နေသူများဖြစ်ကြသည့် ကျော်သန်း(ခ)ကျော်ကျော်သန်း(၄၅)နှစ်နှင့် နွေဦး(၄၉)နှစ်တို့အားလည်းကောင်း၊ မော်လမြိုင်မြို့နယ်အတွင်း လိုင်စင်မဲ့မော်တော်ဆိုင်ကယ် လက်ဝယ်ထားစီးနင်းသူ မော်လမြိုင်မြို့နယ်၊ လှိုင်ရပ်ကွက်နေ ဒေါ်စုစုနိုင်(၄၆)နှစ်၊ ရွှေမြိုင်သီရိရပ်ကွက်နေ စိုးမြင့်(၅၄)နှစ်နှင့် ဆားမနားကုန်းကျေးရွာနေ သန်းထက်နိုင်(၂၃)နှစ်တို့အားလည်းကောင်း လိုင်စင်မဲ့ မော်တော်ဆိုင်ကယ်များဖြင့် ဖမ်းဆီးရမိခဲ့သဖြင့် ထွန်းထွန်းဝင်း(ပါ-၈)ဦးအား သက်ဆိုင်ရာ ရဲစခန်းအသီးသီး၌ ပို့ကုန်သွင်းကုန်ဥပဒေဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(ယာပုံ)

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

## ရှမ်းပြည်နယ် မိုင်းပျဉ်းမြို့နယ်၌ ယာဉ်တိုက်မှုဖြစ်ပွား၍ အမျိုးသမီးတစ်ဦး သေဆုံး

**မိုင်းပျဉ်း အောက်တိုဘာ ၇**

ရှမ်းပြည်နယ်၊ မိုင်းပျဉ်းမြို့နယ်၌ ယာဉ်တိုက်မှုဖြစ်ပွား၍ အမျိုးသမီးတစ်ဦး သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၂ ရက် နံနက် ၁၁ နာရီခွဲတွင် ရှမ်းပြည်နယ်၊ မိုင်းပျဉ်းမြို့နယ်၊ ကျိုင်းတုံ-တုံတာသွားကားလမ်း 577 km နှင့် 578 km ကြား၌ ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ တုံတာနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ ကျိုင်းတုံမြို့မှ တုံတာမြို့ဘက်သို့ မိုင်းနောင်မြို့နယ်၊ ဟိုဖိုင်ကျေးရွာနေ ကျာချီ(၃၄)နှစ် မောင်းနှင်ပြီး ၄င်း၏ဇနီးဖြစ်သူ နာရီးဖေ့(၂၃)နှစ် လိုက်ပါလာသည့် ဆိုင်ကယ်သည် အရှိန်မထိန်းနိုင်ဘဲ မျက်နှာချင်းဆိုင်မှ ဦးနေလင်း မောင်းနှင်သည့် YOTONG အမျိုးအစား ခရီးသည်တင် မော်တော်ယာဉ်၏ ဘေးဘက်ခြမ်းအား ဝင်ရောက်တိုက်မိခဲ့သဖြင့် နာရီးဖေ့တွင် ထိခိုက်ဒဏ်ရာများရရှိကာ သေဆုံးသွားခဲ့သောကြောင့် တုံတာနယ်မြေရဲစခန်းတွင် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**



# သီလရနံ့ - သင်းပျံ့သူများ

**မြတ်ထေရ်ကျော်**

မြတ်စွာဘုရား မိန့်ကြားတော်မူသော ဒေသနာတစ်ခုမှာ လူတိုင်း သိမှတ်၍ လိုက်နာကျင့်သုံးပါလျှင် တန်ဖိုးရှိတဲ့ ဘဝမှာ တန်ဖိုးရှိတဲ့လူ၊ လူထဲက လူ၊ တကယ်လူ၊ ထူးခြားသူ ဖြစ်လာနိုင်ပေ၏။

ဝတ္တံ အပရိပူရေန္တော၊ ဝတ်ကို မဖြည့်ကျင့်သူမှာ၊ သီလ နပရိပူရတိ၊ သီလကို မဖြည့်သူ မကျင့်သူ ဖြစ်၏။ (ဝါ)သီလနဲ့ မပြည့်စုံ။

ဝိက္ခိတ္တခိတ္တော နေကဂ္ဂေါ၊ ပျံ့လွင့်တဲ့ စိတ်နဲ့ အလုပ်မှာ အာရုံစူးစိုက်မှု ဧကဂ္ဂတာ သမာဓိရှိမှု မဖြစ်ပါ။ သမ္မာ ဓမ္မံ န ပဿတိ၊ သူတော်ကောင်းတွေ ကျင့်သုံးတဲ့ ဓမ္မတရားသဘောကို ကောင်းစွာ မမြင်နိုင်ဘူး။

ဝတ်- လူတိုင်းသည် လူ့ဘဝဝေါဟာတွင် မိဘဝတ်၊ ဆရာဝတ်၊ အလုပ်ရှင်ဝတ်၊ အလုပ်သမားဝတ်၊ လင်ဝတ်၊ မယားဝတ်၊ တပည့်ဝတ်စသည့် ပြုကျင့်ရတဲ့ တာဝန်တွေကိုယ်စီ ရှိကြလေ၏။ နေ့စဉ်ဘဝ ထိုလူ၊ ဤလူ ပြုကျင့်ရမည့် ဝတ္တရားများစွာတို့တွင် သန့်ရှင်းရေးဝတ် ဖြည့်ကျင့်ခြင်းမှာ သီလနှင့် ပြည့်စုံလျက် သမာဓိသိက္ခာ၊ ပညာသိက္ခာတို့နှင့်လည်း ပြည့်ဝလာ၏။

**သန့်ရှင်းရေး**

စာရေးသူတို့ ရွာကလေးရဲ့ တောင်ဘက်မှာ ရွာဦးဘုန်းတော်ကြီးကျောင်းရှိပေရာ ကျောင်းဝင်းအတွင်း တည်ပင်မှာ အရိပ်ရလျက် သစ်ရွက်တွေ စိမ်းစိမ်းစိုစို ရှိလှပါ၏။

ထို တည်ပင်အခြေအနီးတစ်ဝိုက်တွင် တည်ပင်ရွက်တွေ ဟိုတစ်ရွက်၊ သည်တစ်ရွက် ကြွေကျတတ်ပါ၏။ အချို့က အဝါရောင်၊ အချို့က မြရောင်နှင့် မြေပြင်ပေါ် ကြွေကျနေ၏။

ထိုအခါ ဘုန်းကြီးကျောင်းသားဖြစ်တဲ့ စာရေးသူတို့မှာ တံမြက်စည်းအကြမ်းတစ်ချောင်းကို ကိုင်၍ ကြွေကျထားသော သစ်ရွက်တွေ၊ သန့်ရှင်းအောင် တံမြက်လှည်းခြင်းကို စိတ်ပါလက်ပါ ပြုလုပ်၏။ ပျော်စရာကောင်းတဲ့ အလုပ်ပါပေ။

ဘုန်းကြီးကျောင်းအတွင်း အလှူပွဲတစ်ခုရှိ၍ မန္တလေးမြို့မှလာသော ဧည့်သည်အမျိုးသမီးတစ်ယောက်က …

‘ဩော် … ဘုန်းကြီးကျောင်းသားတွေ တံမြက်စည်းလှည်းဖော်ရတယ်။ သူတို့တွေ တံမြက်စည်းလှည်း သန့်ရှင်းရေးလုပ်လိုက်တော့ သစ်ရွက်စို အမှိုက်တွေ ရှင်းလင်းသွားတယ်။’

ထိုဧည့်သည်အမျိုးသမီးမှာ အဒေါ်အရွယ်ဖြစ်၍ သူ့စိတ်ထဲ အထက်ဖော်ပြပါ စိတ်ကူးရတယ် ထင်ပါရဲ့။ ပြီးတော့ သူ့စိတ်လည်း စိတ်မရှုပ်ဘဲ စိတ်ကြည်လင်မှုရတာလည်းပါမယ်။

‘မောင်ကျောင်းသားတို့ … တော်လိုက်တာကွယ်။ ရော့ … အဒေါ်က မင်းတို့ သစ်ပင်အောက်က ကြွေကျနေတဲ့ သစ်ရွက်လေးတွေ သန့်ရှင်းရေးလုပ်တဲ့အတွက် ဆုငွေပေးပါတယ်ကွယ်။’

ရွှေဝါရောင် အသစ်ကျပ်ချွတ် ၂၅ ပြားတန် မတ်စေ့လေးတွေကို ဘုန်းကြီးကျောင်းသားတစ်ယောက်လျှင် ၂၅ ပြား(တစ်မတ်စီ) ဝေပါ၏။

‘တံမြက်စည်းလှည်းတဲ့ အကျိုးက ချက်ချင်းအကျိုးပေးတာပဲ။ မြန်မာငွေ အကြွေစေ့ မတ်စေ့ အသစ်လေးတွေက ဝင်းဝင်းဝါဝါ ရွှေဒင်္ဂါးလိုပဲ’

ငွေရတဲ့ မျက်နှာကြောင့် ကိုယ့်စိတ်ကူးနဲ့ကိုယ် ဘုန်းကြီးကျောင်းသားတွေ မြူးထူးခုန်ပေါက်လို့နေကြလေရဲ့။ မူလတန်း မြန်မာဖတ်စာမှာ စာရေးသူတို့ ကလေးဘဝ မှတ်သားခဲ့ဖူးတယ်။

‘အိမ်၊ လမ်း၊ ရွာ၊ ကျောင်း သန့်ရှင်းကြောင်း စုပေါင်းအမှိုက်သိမ်း’တဲ့။

**အိမ်သန့်ရှင်းရေး**

နေ့စဉ်ဘဝ ဟိုအိမ်၊ သည်အိမ် သန့်ရှင်းရေး အလုပ်မှာ အရေးအကြီးဆုံးဖြစ်၍ အမှိုက်ပုံးထားရှိပြီးလျှင် စည်းကမ်းရှိစွာ အမှိုက်စွန့်ပစ်ပါက အိမ်ဂေဟာ ကျက်သရေရှိလျက် ကျန်းမာချမ်းသာသော မိသားစုအဖြစ်နှင့် ဘဝတစ်သက်တာ ပျော်ရွှင်နိုင်၏။

**လမ်းသန့်ရှင်းရေး**

‘အမှိုက်ကစ ပြာသာဒ်မီးလောင်’မှု မဖြစ်ပေါ်ရန် လမ်းပေါ်ရှိ သစ်ရွက်စို၊ သစ်ရွက်ခြောက်၊ ပလတ်စတစ်အမှိုက်တွေ၊ ဘူးခွံတွေ စသည့် သန့်ရှင်းရေးအလုပ်နဲ့ ပျော်မွေ့နေကြသော စည်ပင်သာယာ လုပ်သားတွေမှာ မွန်မြတ်သောအလုပ်ဖြစ်၍ ကိုယ်၊ နှုတ်၊ စိတ် မကောင်းမှုတွေ အကုသိုလ် မဖြစ်စေရ။ သီလကုသိုလ်၊ သီလရနံ့နဲ့ လောကကောင်းကျိုး သယ်ပိုးသူများ ဖြစ်ကြ၏။

**မြို့ရွာသန့်ရှင်းရေး**

ရွာ၏ ကျက်သရေ၊ မြို့၏ ကျက်သရေမှာ ရွာနေ၊ မြို့နေ ပြည်သူတို့၏ အသိစိတ်ဓာတ်နှင့် စည်းကမ်းရှိစွာ သန့်ရှင်းရေးအတွက် အမှိုက်တွေ စုပေါင်းသိမ်း၍ စွန့်ပစ်သောအခါ ထိုမြို့၊ ထိုရွာကမ္ဘာမြေတွင် သန့်ရှင်းမှု၏ အလှတရားပြသနိုင်လျက် မြို့ရွာရပ်ကွက်နေ ပြည်သူလူထု စိတ်အေးချမ်းသာကာ ကျန်းမာခြင်းဆုလာဘ်များနှင့် အသက်ရှည်ရာ အနာကင်းကြောင်း ကောင်းမှုမင်္ဂလာနှင့် ပြည့်စုံ၏။

**ကျောင်းကျန်းမာရေး**

မန္တလေးမြို့ရှိ ပရိယတ္တိစာသင်တိုက်များစွာ ရှိရာတွင် မဟာဝိသုဒ္ဓါရုံတိုက်သစ်မှာ စာရေးသူတို့ နေထိုင်ခဲ့စဉ် သူ့ကျောင်း၊ သူ့အလှည့်၊ ကိုယ့်ကျောင်း၊ ကိုယ့်အလှည့် တာဝန်တိကျစွာ ချမှတ်လျက် ဘုန်းကြီးကျောင်းနေ ရဟန်းတော်တွေ၊ ကိုရင်တွေ စုပေါင်းလျက် သန့်ရှင်းရေးဝတ် ကိုယ်ကျင့်တရားကို ဖြည့်ကျင့်ခွင့်ရကြ၏။

ထိုမဟာဝိသုဒ္ဓါရုံတိုက်သစ်မှာ မန္တလေးမြို့၊ အနောက်ပြင် ဒေးဝန်းအရှေ့ ရှမ်းဝိုင်းရပ်တွင် တည်ရှိ၍ ကျောင်း ၁၂ ကျောင်းရှိသော ပရိယတ္တိစာသင်တိုက်ကြီးဖြစ်၏။

နေ့စဉ် လစဉ်အလိုက် ကျောင်းတိုက်ကြီး၏ အလယ်ဗဟိုနေရာတွင် အောင်မြေသာစည် အလယ်ကျောင်းကြီး၏ အပေါ်ထပ်၊ အောက်ထပ် သန့်ရှင်းရေးတာဝန်ကို မဟာဝိသုဒ္ဓါရုံတိုက်သစ်ရှိ ရဟန်းရှင်သာမဏေတွေ စုပေါင်း၍ တံမြက်စည်းအနုနှင့် တံမြက်လှည်းခြင်း၊ ကြမ်းတိုက်ခြင်း၊ ဖုန်ခါခြင်း၊ ဝေယျာဝစ္စ ကုသိုလ်အဖြစ် တစ်ယောက်တစ်လက်၊ ရဟန်းလက်၊ ရှင်သာမဏေလက်တွေနဲ့ မြတ်ဗုဒ္ဓ၏ အလိုကျ စိတ်လက်ကြည်အေးစွာ ပြုလုပ်ကြရ၏။

**အမှိုက်ပုံး**

မကြာသေးတဲ့ အချိန်ကာလ နေ့ရက်တစ်ရက်မှာတော့ ပြင်ဦးလွင်မြို့၊ ကန်တော်ကြီး၊ သစ်တောဥယျာဉ်အတွင်း စာရေးသူ လှည့်လည်လေ့လာကြည့်ရှု၍ ထိုနေရာ၊ ဤနေရာ မြေပြင်ပေါ်မှာ အမှိုက်ပုံး (၄)ပုံး ထားရှိလျက် အဝါရောင်၊ အပြာရောင်၊ အနီရောင်၊ ပလတ်စတစ် အမှိုက်ပုံးတွေ တွေ့ရ၏။

ထိုအမှိုက်ပုံးတို့တွင် ၁။အမှိုက်စို၊ ၂။အမှိုက်ခြောက်၊ ၃။ပလတ်စတစ်အမှိုက်၊ ၄။အန္တရာယ်ရှိ အမှိုက်ဟူ၍ မြန်မာစာလုံးနဲ့ ရေးသားထား၍ စနစ်တကျရှိပုံမှာ သန့်ရှင်းရေးပြုလုပ်တဲ့ ကိုယ်ကျင့်တရားနဲ့ မြတ်စွာဘုရားကို ပူဇော်ခြင်းဖြစ်၏။

‘မမြဲသော ခန္ဓာဖြင့် မြဲသော နိဗ္ဗာန်ကို မလဲလှယ်နိုင်ပြီလော’

ဘဝတစ်ခုရလာ ထိုလူ ဤလူ စသည့် လူများစွာ ထိုခန္ဓာ၊ ဤခန္ဓာမှာ မမြဲသောအနိစ္စသဘောဖြစ်၍ ‘အိမ်၊ လမ်း၊ ရွာ၊ ကျောင်း သန့်ရှင်းကြောင်း၊ စုပေါင်းအမှိုက်သိမ်း’ဟူသော သန့်ရှင်းရေး ပြုလုပ်သော ကိုယ်ကျင့်တရားနဲ့ မြဲသော နိဗ္ဗာန်ကို လဲလှယ်ရယူခြင်းဖြစ်ပါကြောင်း စာဖတ်သူမိတ်ဆွေသို့ စာရေးသူက ပန်းသတင်းလေညင်း ဆောင်၊ လူသတင်း လူချင်း ဆောင်ရပါ၏။

---

# သမိုင်းထဲကသီချင်း - သီချင်းထဲကသမိုင်း

မူလသီချင်းရေးသားခဲ့သူ ဂီတစာဆိုပညာရှင်ကြီးက သမိုင်းအကြောင်းအရာ၊ သမိုင်းအချက်အလက်များကို သီချင်းစာသားဂီတအဖြစ် ရေးစပ်သီကုံးဖွဲ့နွဲ့ထားခဲ့သောကြောင့် သမိုင်းထဲကသီချင်းဟု အမည်တပ်ခြင်းဖြစ်ပါသည်။ ထိုဂန္တဝင်မဟာဂီတသီချင်းများကို နားထောင်ရခြင်း၊ ဖတ်ရှုရခြင်းတို့ကြောင့် သီချင်းထဲမှ သမိုင်းကြောင်းရာ အချက်အလက်တို့ကို စာရေးသူ အပါအဝင် ယနေ့မျက်မှောက်ခေတ်လူတို့ သိရှိမှတ်သားရသဖြင့် သီချင်းထဲက သမိုင်းဟု ဖော်ပြရေးသားခြင်း၊ ခေါ်ဆိုတင်ပြခြင်း ဖြစ်ပါသည်။

ဂန္တဝင်မဟာဂီတလာ သီချင်းများ၊ စာသားများကို နားထောင်ရခြင်း၊ ဖတ်ရှုရခြင်းတို့မှာ ကြုံတောင့်ကြုံခဲ ရှားပါးသော အခွင့်အရေးကြီးပင် ဖြစ်သည်။ ဤအခွင့်အရေးကြီးထဲမှ ရရှိသော သုတ၊ရသကို စာရေးသူမှ စာဖတ်သူတို့ မျှဝေပေးချင်သော စေတနာအရင်းခံဖြင့် ရေးသားပါသည်။ ဂီတဝိသောဓနီကျမ်းအမည်ရှိ ဟောင်းနွမ်းအိုမင်းလှသည့် စာအုပ်ကို စာရေးသူ မူလတန်းကျောင်းဆရာဖြစ်စ တာဝန်ကျရွာမှ မောင်းဆိုင်းတီးတတ်သော ဦးလေးတမျှ ခင်မင်ရင်းနှီးခဲ့ရသော မိတ်ဆွေဦးလေးကြီးထံမှ အမှတ်တရလက်ဆောင် အမွေရထားခဲ့၊ သိမ်းထားခဲ့ရသည်မှာ ဆယ်စုနှစ်ငါးခု၊ ခြောက်ခုမျှ ကြာလှချေပြီ။ စာရေးသူက မြမန်းဂီရိသီချင်းကိုဆို၊ ဦးလေးကြီးက မောင်းတီးပြီး ရင်းနှီးခဲ့ရသည့် မိတ်ဆွေဦးလေးကြီးကား မရှိတော့။ သူပေးထားခဲ့သည့် ဂီတဝိသောဓနီစာအုပ်အိုကြီးကမူ သူ့သခင်ကို လွမ်းဆွတ်တသ တမ်းတသတိရနေသယောင်။

မန္တလေးမြို့တည်နန်းတည် မြန်မာသက္ကရာဇ် ၁၂၂၁ ခုနှစ်ကို အုတ်ကျစ်ကျော်အေး မန္တလေးဟု တစ်ဖုံ၊ အောင်ကျော်ချမ်းအေးဟု မန္တလေးဟုတစ်နည်း၊ အင်ကြင်းကြာအံ့ရတနာပုံတစ်မျိုး၍ မှတ်တမ်းတင်ကမ္ပည်းထိုးခဲ့၍ မန္တလေးရွှေမြို့တော်ကြီးကို ဖန်တီးခဲ့သော ပဥ္စမသင်္ဂါယနာတင် ဘဝရှင်မင်းတုန်းမင်းတရားကြီးသည် မြို့တော်သူ၊ မြို့တော်သားများအတွက် သတ္တဌာနအပြင် ဥယျာဉ်တော် ၂၁ ရပ်ကိုပါ တည်ဆောက်ပေးခဲ့ပါသည်။

ဤအကြောင်းအရာကို နိုင်ငံခြားဝန်ထောက်မင်း ဦးချိမ့်က- မန္တလေး နေပြည်တော် ဥယျာဉ်တော်ဘွဲ့(ဥယျာဉ်တော် ၂၁ ရပ်ဘွဲ့) ပတ်ပျိုးကြီး(ဘုံပျံနေနန်းအလိုက်)ဟူ၍ ဂီတသီချင်းဖန်တီးခဲ့ပါသည်။

စံရာရွှေနန်းအစချီ သီချင်းစာသားတွင် မဟာ ရွှေ့ကတပ်ထားသော ဥယျာဉ်တော် ၁၈ ရပ်၏ အမည်နာမများကိုသာ ထည့်သွင်းစပ်ဆိုထားပါသည်။ သီချင်းစာသားအပြီးတွင်- မှတ်ရန်။ ။ မန္တလေးရတနာပုံ နေပြည်တော်ရှိ ဥယျာဉ်တော် ၂၁ ရပ်၏ အမည်များကား - (၁)မဟာဟောမာဇလ၊ (၂)မဟာအာသောက၊ (၃)မဟာအဥ္စနကောသိ၊ (၄)မဟာသီရိသုမန၊ (၅)မဟာသီရိဘုဥ္စန၊ (၆)မဟာသီရိမလ္လက၊ (၇)မဟာသိဒ္ဓိဗလ၊ (၈)မဟာဧယပထ၊ (၉)မဟာသီရိမန္ဒာဝရ၊ (၁၀)မင်္ဂလာဥယျာဉ်တော်၊ (၁၁)မဟာသီရိဟောမဝန်၊ (၁၂)သီရိမနော်ပထ၊ (၁၃)မဟာပဒုမ၊ (၁၄)မဟာမေဃနာ၊ (၁၅)သီရိမဟိဿရ၊ (၁၆)မဟာမုဒ္ဒိက၊ (၁၇)မဟာဒေဝတာ၊ (၁၈)မဟာသီတလ၊ (၁၉)မဟာဂီရိစတြရဝန်၊ (၂၀)သီရိမနောရမ္မ၊ (၂၁)မဟာဂီရိနန္ဒဝန် ဥယျာဉ်များဖြစ်ကြောင်း အထက်ပါ ဘုံပျံနေနန်းအလိုက် စံရာရွှေနန်းချီဥယျာဉ် ၂၁ ရပ်ဘွဲ့ ပတ်ပျိုးကြီးတွင် ဥယျာဉ်တော် ၂၁ ရပ် အမည်အလုံးစုံမပါ။ ၁၈ ရပ်သာ ပါသော်လည်း ပျောက်ပျက်တိမ်ကောခြင်း မဖြစ်စေရန် ထည့်သွင်းဖော်ပြလိုက်ပါသည်။

ဤသည်မှာ ထုတ်ဝေသူ၊ စုပေါင်းပုံနှိပ်သူ မောင်မောင်လတ်(ဒေဝဣန္ဒာဘွဲ့ခံ-မောင်မောင်ကြီး၏ တပည့်ရင်းဖြစ်သော အကောက်ဝန်ကျောက်ရဲမြို့စား၊ လေ့တော်အုပ်မဟာဘောဂနေသီရိရာဇ၏သား)၏ စေတနာပင်ဖြစ်ပါသည်။ မဟာရွှေ့တပ် ၁၇၊ သီရိရွှေ့တပ် ၃၊ မင်္ဂလာရွှေ့တပ် ၁၊ စုစုပေါင်း ဥယျာဉ်တော် ၂၁ ရပ် ဖြစ်ပါသည်။

၁၂၈၅ ခုနှစ်တွင် ပထမအကြိမ် ရိုက်နှိပ်ခဲ့သော စာအုပ်ကို ၁၃၂၉ ခုနှစ်တွင် ပဥ္စမအကြိမ် ရိုက်နှိပ်ထားသော စာအုပ်ဖြစ်ပြီး စာအုပ်တန်ဖိုး ၁၅ ကျပ်ဟု ဖော်ပြထားပါသည်။ စာမျက်နှာများ ကျော်လွှား၍ ရှေ့ရောက် နောက်ရောက် ချုပ်ထားခြင်း၊ စာရွက်များဝါ၍ ဆွေးနေခြင်း၊ စုတ်ပြဲနေခြင်းတို့ကြောင့် တိပ်အကြည်ဖြင့် တယုတယ အသာအယာ ကပ်ထားရခြင်း စသည့် ကုသမှုဒဏ်ရာဒဏ်ချက်များဖြင့် စာအုပ်လူမမာကြီး၊ စာအုပ်လူနာကြီး ဖြစ်နေပေပြီ။ ဘုံပျံနေနန်းအလိုက်ဟု ဖော်ပြထားသည်မှာ ရိုးသားမှုပြယုဂ်သင်္ကေတဖြစ်သည်။ ဘုံပျံနေနန်း ပတ်ပျိုးကြီးကို ရေးသားခဲ့သည့် ဂီတပညာရှင်ကြီးကို ရှာကြည့်သောအခါ -ဘကြီးတော်လက်ထက်(ဘကြီးတော်ဘုရားလက်ထက်) မြဝတီမင်းကြီးရေးသော ပတ်ပျိုးကြီးဟု တွေ့ရပါသည်။

မန္တလေးရတနာပုံနေပြည်တော်ကြီး သာယာဝပြောစည်ကားစဉ်က ဖော်ပြပါ ဥယျာဉ်တော်ကြီး ၂၁ ခုတွင် တိုင်းသူပြည်သား၊ မြို့တော်သူ၊ မြို့တော်သားများ ပျော်ပါးရွှင်လန်းစွာ၊ကြည်နူးဝမ်းမြောက်စွာ၊ လွတ်လပ်ငြိမ်းချမ်းစွာမိသားစု၊ ဆွေမျိုးသားချင်း၊ သူငယ်ချင်းအသိမိတ်ဆွေ၊ ချစ်သက်ဝေကြင်သူများ စကားလက်ဆုံပြောမကုန်၊ လမ်းလျှောက်ထိုင်ထ ပန်းအလှတို့ကြား၊ ငှက်ကျေးတို့၏ဂီတသံများ၊ ရေကန်စမ်းချောင်း၊ လေသန့်ကောင်းတို့အကြားမှ ရွှင်ပျအားရရှိနေကြမည့်ပုံတို့ကို စိတ်မျက်စိတွင် မြင်ယောင်မှန်းဆ တမ်းတမိပါတော့သည်။

ဤဥယျာဉ်တော် ၂၁ ခုတို့၏ နေရာများကို သမိုင်းသုတေသီပညာရှင်၊ စာပေပညာရှင်များက ပြန်လည်ရှာဖွေဖော်ထုတ်ပေးနိုင်ပါက အဟောဝတ၊ အော် … ကောင်းလေစွ ကောင်းလေစွ။

**ကိုရင်ထွန်းလွင်(သမန်းကန်)**

# စားရေရိက္ခာဖူလုံရေး၊ လေကြောင်းကဏ္ဍနှင့် ဆိုင်ဘာလုံခြုံရေးကဏ္ဍတို့တွင် မလေးရှားနှင့် ပါကစ္စတန်ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်မည်

ကွာလာလမ်ပူ အောက်တိုဘာ ၇

မလေးရှားနှင့် ပါကစ္စတန်နှစ်နိုင်ငံတို့ကြား စားရေရိက္ခာဖူလုံရေး၊လေကြောင်းကဏ္ဍနှင့် ဆိုင်ဘာလုံခြုံရေးကဏ္ဍတို့တွင် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်မည်ဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုကို ခေါင်းဆောင်များအကြား အပြန်အလှန် ခရီးစဉ်များမှတစ်ဆင့် မြှင့်တင်မည်ဖြစ်ကြောင်း မလေးရှားဝန်ကြီးချုပ် အန်ဝါအီဗရာဟင်နှင့် ပါကစ္စတန်ဝန်ကြီးချုပ် ရှာဗတ်ရှာရစ်တို့က ထုတ်ပြန်ချက်တစ်ရပ်ထုတ်ပြန်ရာ၌ ပြောကြားသည်။ ပါကစ္စတန်ဝန်ကြီးချုပ် ရှာဗတ်ရှာရစ်သည် လက်ရှိအချိန်တွင် မလေးရှားနိုင်ငံသို့ အလည်အပတ်ခရီးရောက်ရှိနေသည်။ စိုက်ပျိုးရေးကဏ္ဍတွင် သုတေသနများပြုလုပ်ခြင်း၊ တီထွင်ဆန်းသစ်မှုများဆောင်ရွက်ခြင်းနှင့် စဉ်ဆက်မပြတ်သည့် စိုက်ပျိုးရေးနည်းပညာများဖလှယ်ခြင်းဖြင့် စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်နိုင်မည်ဟု ယုံကြည်ကြောင်း ၎င်းတို့က ပြောကြားသည်။ ပါကစ္စတန်နိုင်ငံ၏ အစားအသောက်ထုတ်လုပ်ရေးနှင့် ကုန်ပစ္စည်းထုတ်လုပ်မှုကဏ္ဍများတွင် ဝယ်လိုအား မြင့်တင်လာခြင်းကြောင့် မလေးရှားနိုင်ငံမှ စားအုန်းဆီထုတ်ကုန်များကို ပါကစ္စတန်နိုင်ငံသို့ တင်ပို့ရန်အတွက် မလေးရှားက စိတ်ဝင်စားမှု မြင့်တက်လာကြောင်း သိရသည်။

**သဘောတူညီ**

ထို့ပြင်နှစ်နိုင်ငံအကြား သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိသည့် ထောက်ပံ့ရေးကွင်းဆက်များကို တည်ထောင်ရန် သဘောတူခဲ့သည်။ နှစ်နိုင်ငံပြည်သူများအကြား ကူးလူးဆက်ဆံမှုမြှင့်တင်ရန်အတွက် လေကြောင်းခရီးစဉ်များ ပြေးဆွဲမှုမြှင့်တင်ရန် တာဝန်ရှိသူများအကြား သဘောတူညီချက်ရရှိခဲ့သည်။ ဒေသတွင်းနှင့် နိုင်ငံတကာပဋိပက္ခများအား နိုင်ငံတကာ ဥပဒေကိုအခြေခံပြီး ငြိမ်းချမ်းစွာဖြေရှင်းရေးအတွက် တာဝန်ရှိသူများအကြား သဘောတူညီခဲ့သည်။




ကိုးကား - ဆင်ဟွာ
ဘာသာပြန် - စိုးသူရ

---

## ဘဏ္ဍာငွေသုံးစွဲမှုဆိုင်ရာ ဥပဒေကြမ်းများကို အတည်ပြုရန် သမ္မတထရမ့် ထရည် ဆိုရှယ်လူမှုကွန်ရက်တွင် တိုက်တွန်း

ဝါရှင်တန် အောက်တိုဘာ ၇

အစိုးရလုပ်ငန်းများ ပြန်လည်စတင်နိုင်ရေးအတွက် ဘဏ္ဍာငွေသုံးစွဲမှုဆိုင်ရာ ဥပဒေကြမ်းများကို အတည်ပြုရန် အမေရိကန်အထက်လွှတ်တော်သည် အောက်တိုဘာ ၆ ရက်တွင်လည်း ပဉ္စမအကြိမ်မြောက် မအောင်မြင်ခဲ့ရာမှ အစိုးရကို ပိတ်ထားရဆဲဖြစ်ကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

ဒီမိုကရက်နှင့် ရီပတ်ဘလစ်ကန်တို့၏ အပြိုင်အဆိုင် တင်ပြခဲ့သော အဆိုပြုချက်နှစ်ရပ်စလုံးသည် လိုအပ်သော မဲ ၆၀ သတ်မှတ်ချက်နှင့် မပြည့်မီဘဲ ပယ်ချခံခဲ့ရသည်။



နောက်ထပ်မဲပေးမှု ထပ်မံကျရှုံးပါက အစုလိုက်အပြုံလိုက် အလုပ်ထုတ်မှုများ ဖြစ်ပေါ်လာမည်ဟု သမ္မတ ဒေါ်နယ်လ်ထရမ့်က သတိပေးခဲ့သည်။

အစိုးရဌာနများအတွက် ဘဏ္ဍာငွေ ထောက်ပံ့မှု ပြီးဆုံးသွားခဲ့သည်မှာ ငါးရက်ရှိပြီဖြစ်ရာ ပြည်ထောင်စုအစိုးရ ဝန်ထမ်းထောင်ပေါင်းများစွာအနေဖြင့် လစာမဲ့ခွင့်ပေးထားခြင်း သို့မဟုတ် အခကြေးငွေမရဘဲ အလုပ်လုပ်ရန် အမိန့်ပေးထားခြင်း ခံခဲ့ရသည်။

အစိုးရ၏ ဘဏ္ဍာငွေထောက်ပံ့မှုကို တိုးမြှင့်ရန် ဒီမိုကရက်များ ဦးဆောင်သော ဥပဒေကြမ်းသည် အောက်တိုဘာ ၆ ရက်တွင် မဲရလဒ် ၄၅-၅၀ ဖြင့် ပထမဆုံး ကျရှုံးခဲ့သည်။ ထို့နောက် ရီပတ်ဘလစ်ကန်များ၏ ဥပဒေကြမ်းသည်လည်း မဲရလဒ် ၅၂-၄၂ ဖြင့် မအောင်မြင်ဖြစ်ပြန်ခဲ့သည်။

"ကျရှုံးနေတဲ့ ကျန်းမာရေး စောင့်ရှောက်မှုဆိုင်ရာ မူဝါဒတွေ၊ ဒါမှမဟုတ် တခြားကိစ္စတွေမှာ ဒီမိုကရက်တွေနဲ့ လက်တွဲလုပ်ဆောင်ရတာကို ကျွန်တော်ပျော်ပါတယ်၊ ဒါပေမဲ့ အရင်ဆုံး ကျွန်တော်တို့ရဲ့ အစိုးရကို ပြန်ဖွင့်ခွင့်ပေးရပါမယ်။ တကယ်တော့ သူတို့ဟာ ဒီညမှာပဲ ကျွန်တော်တို့ အစိုးရကို ဖွင့်ပေးသင့်နေပါပြီ"ဟု ထရမ့်က ထရည် ဆိုရှယ်လူမှုကွန်ရက်ပေါ်တွင် ရေးသားခဲ့ကြောင်း သိရသည်။

Mon

---

# INTERNATIONAL NEWS

# နိုင်ငံတကာသတင်းများ



## ခြင်နှိမ်နင်းရေးလုပ်ငန်းများကို စတင်ဆောင်ရွက်ခြင်းမရှိပါက သွေးလွန်တုပ်ကွေးရောဂါ ပိုမိုဆိုးရွားလာနိုင်

ဒက္ကာ အောက်တိုဘာ ၇

ခြင်နှိမ်နင်းရေးလုပ်ငန်းများကို စတင်ဆောင်ရွက်ခြင်းမရှိပါက သွေးလွန်တုပ်ကွေးရောဂါသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ထိန်းချုပ်မနိုင်အောင် ပိုမိုဆိုးရွားလာနိုင်ကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

အောက်တိုဘာ ၆ ရက်အထိ ယခုနှစ်တွင် တစ်နိုင်ငံလုံး၌ သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားသူ ၅၀၆၈၉ ဦးနှင့် သေဆုံးသူ ၂၁၅ ဦးရှိကြောင်း ကျန်းမာရေးဝန်ဆောင်မှုဆိုင်ရာ ညွှန်ကြားမှုဦးစီးဌာနက အစီရင်ခံတင်ပြသည်။

ရာသီဥတုပြောင်းလဲမှု၊ မိုးရွာသွန်းမှု ပုံမှန်မဟုတ်ခြင်း၊ ရှုံးပိတ်ရက်ရှည်များကြောင့်နှင့် ဒေသန္တရအစိုးရ၏ အရေးယူဆောင်ရွက်မှု အားနည်းခြင်းတို့ကြောင့် ခြင်နှိမ်နင်းရေးလုပ်ငန်းများ အနှောင့်အယှက်ဖြစ်ခဲ့ရာ စက်တင်ဘာလတွင်ပင် ပြင်းထန်နေပြီဖြစ်သော ထိုခြင်မှတစ်ဆင့် ကူးစက်သည့်ရောဂါဖြစ်ပွားမှုသည် ယခုလတွင် အခြေအနေပိုမိုဆိုးရွားလာနိုင်သည်ဟု ဂျာဟန်ဂါနာဂါတက္ကသိုလ်မှ ပိုးမွှားဗေဒပါမောက္ခ ကာဘီရူလ် ဘာရှာက ခန့်မှန်းသည်။

ရာသီဥတုပြောင်းလဲမှုကြောင့် ခြင်များ ဥဥသည့်ကာလကို ပိုမိုရှည်လျားစေကာ သန့်ရှင်းရေးနှင့် ခြင်ဆေးဖျန်းခြင်းလုပ်ငန်းများ နောက်ကျခဲ့ခြင်းက ကျန်းမာရေးပြဿနာကို ပိုမိုဆိုးရွားစေခဲ့ခြင်းဖြစ်သည်။

ယခင်က အများအားဖြင့် မြို့ကြီးများတွင်သာ ကန့်သတ်ထားခဲ့သော သွေးလွန်တုပ်ကွေးရောဂါသည် ယခုအခါ မြို့ငယ်လေးများနှင့် ကျေးလက်ဒေသများသို့ပါ ပျံ့နှံ့နေပြီဖြစ်ရာ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ပုံမှန်ကူးစက်ဖြစ်ပွားလာနိုင်သည်ဟူသော စိုးရိမ်မှုများကို မြင့်တက်စေခဲ့ကြောင်း သိရသည်။

Mon

---

**STOP AIDS**

## အီးစီးကရက်သုံးစွဲမှုကြောင့် လူသန်းပေါင်းများစွာ နှစ်စဉ်သေဆုံးနေရကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ပြောကြား

ဂျီနီဗာ အောက်တိုဘာ ၇

ကမ္ဘာတစ်ဝန်းတွင် အီးစီးကရက်သုံးစွဲမှု မြင့်တက်လာသဖြင့် လူသန်းပေါင်းများစွာ နှစ်စဉ်သေဆုံးနေရကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ထုတ်ပြန်ချက်အရ သိရသည်။

အီးစီးကရက်သုံးစွဲမှုကြောင့် လူငယ်များတွင် နီကိုတင်းဓာတ်စွဲလန်းသည့် အလေ့အကျင့်ဖြစ်လာရကြောင်းလည်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က သတိပေးပြောကြားသည်။ ကမ္ဘာ့နိုင်ငံများတွင် ဆေးလိပ်သောက်သုံးသည့် အလေ့အကျင့်ကို လူသန်းပေါင်းများစွာက စွန့်လွှတ်လာကြသော်လည်း အီးစီးကရက် သုံးစွဲသူအရေအတွက် များပြားလာကြောင်းနှင့် ဝင်ငွေမြင့်မားသည့် နိုင်ငံများတွင် အသက် ၁၃ နှစ်မှ ၁၅ နှစ်အရွယ်ရှိ ကလေး ၁၅ သန်းသည် အီးစီးကရက်သုံးစွဲသူများဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ပြောကြားသည်။ အီးစီကရက်အပါအဝင် ဆက်စပ်ကုန်ပစ္စည်းထုတ်လုပ်သူများက ၎င်းတို့ထုတ်လုပ်သည့် ကုန်ပစ္စည်းသည် ဘေးအန္တရာယ်ဖြစ်စေသည့် ဓာတုပစ္စည်းများ လျှော့ချထားကြောင်း ဈေးကွက်တွင် ကြော်ငြာရောင်းချကြသော်လည်း လက်တွေ့တွင်သုံးစွဲသူများအား ကျန်းမာရေးထိခိုက်စေသည့် ဆိုးကျိုးရှိကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကပြောကြားသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - စိုးသူရ

---

## အသက်ရှူရန်အတွက် အားကိုးအားထားပြုရသည့် ရှူဆေးဘူးများ ကမ္ဘာမြေကို ပူနွေးစေသော ဓာတ်ငွေ့များထုတ်လွှတ်လျက်ရှိ



ဝါရှင်တန် အောက်တိုဘာ ၇

လူတို့ အသက်ရှူရန်အတွက် အားကိုးအားထားပြုရသည့် ရှူဆေးဘူးများသည်လည်း ကမ္ဘာမြေကို ပူနွေးစေလျက်ရှိပြီး အမေရိကန်ပြည်ထောင်စုတစ်ခုတည်းတွင်ပင် တစ်နှစ်တာအတွင်း ကားအစီးရေ ငါးသိန်းကျော်မှ ထွက်ရှိသည့် ဓာတ်ငွေ့ပမာဏနှင့် ညီမျှသော ထုတ်လွှတ်မှုများကို ထုတ်လုပ်နေကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

ကာလီဖိုးနီးယားတက္ကသိုလ် (လော့စ်အိန်ဂျယ်လိစ်)နှင့် ဟားဗတ်တက္ကသိုလ်မှ သုတေသီများသည် နိုင်ငံတော်ဆေးဘက်ဆိုင်ရာ အချက်အလက်များကို အသုံးပြု၍ ၂၀၁၄ ခုနှစ်မှ ၂၀၂၄ ခုနှစ်အတွင်း ပန်းနာရင်ကျပ်နှင့် နာတာရှည် အဆုတ်ပိတ်ဆို့မှုရောဂါ ကုသရန် အသုံးပြုခဲ့သော ရှူဆေးဘူးသုံးမျိုးမှ ကမ္ဘာကြီးပူနွေးစေသည့် ညစ်ညမ်းမှုများကို ခွဲခြမ်းစိတ်ဖြာလေ့လာခဲ့သည်။

ထိုလေ့လာမှုအရ အမေရိကန်ရှိ လူနာများအသုံးပြုသော ရှူဆေးဘူးများသည် ဆယ်စုနှစ်အတွင်း ကာဗွန်ဒိုင်အောက်ဆိုဒ် မက်ထရစ်တန် ၂၄ ဒသမ ၉ သန်းကို ထုတ်လွှတ်ခဲ့ကြောင်း တွေ့ရှိရသည်။

ခြောက်သွေ့မှုန့်နှင့် ပျော့ပျောင်းသော မြူရှူဆေးဘူးများမှာမူ တွန်းကန်ဓာတ်ငွေ့များကို အသုံးမပြုဘဲ အရည်ကို အမှုန်အမွှားအဖြစ် ပြောင်းလဲပေးသဖြင့် ကမ္ဘာမြေကို ထိခိုက်မှုနည်းကြောင်း သိရသည်။

Mon

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ်(ဖ-၁၉)၊ ဦးပိုင်နံပါတ်(၂၁-က)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ・ ၀၁၃၇)ဧကအကျယ်အဝန်းရှိ ဦးစိန်ဝင်း အမည်ဖြင့် မြေနေရာချထားပေးခြင်း ခံခဲ့ရသည့် မြေကွက်နှင့် ယင်းမြေကွက်၏ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူများဖြစ်ကြသည့် ဦးထွန်းထွန်းဝင်း (ဘ)ဦးသိုက်ထွန်း(၉/ခမစ(နိုင်)၀၁၀၆၆၃)နှင့် ဒေါ်ယဉ်မင်းထွန်း(ဘ)ဦးခင်စိုး(၉/ခမစ(နိုင်)၀၀၈၇၈၅)တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်း မူရင်းများဖြင့် ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

**ဒေါ်အေးစုထွန်း (LL.B , LL.M , DBL)** **ဒေါ်မာမာငွေး (LL.B)**

**တရားလွှတ်တော်ရှေ့နေ** **တရားလွှတ်တော်ရှေ့နေ**

**၅၄လမ်း၊ ၁၁၂လမ်းနှင့် ၁၁၂(ဘီ)လမ်းကြား၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၄၀၂၆၀၆၀၄၁၊ ၀၉-၄၀၂၆၇၀၄၄၇**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(မမ-၈)၊ ဦးပိုင်နံပါတ်(၄၀)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ・ ၀၅၅၁)ဧက၊ ပေ(၄၀×၆၀)အကျယ်အဝန်းရှိ ဦးတင်လှိုင် အမည်ပေါက်ဂရန် မြေကွက်၏ အနောက်ဘက်ခြမ်း ပေ(၂၀×၆၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလွှဲပြောင်းဝယ်ယူထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးကျော်သူစိုး(ဘ)ဦးဘငွေး(၉/မရတ(နိုင်)၁၂၆၃၈၅)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်း မူရင်းများဖြင့် ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

**ဒေါ်အေးစုထွန်း (LL.B , LL.M , DBL)** **ဒေါ်မာမာငွေး (LL.B)**

**တရားလွှတ်တော်ရှေ့နေ** **တရားလွှတ်တော်ရှေ့နေ**

**၅၄လမ်း၊ ၁၁၂လမ်းနှင့် ၁၁၂(ဘီ)လမ်းကြား၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၄၀၂၆၀၆၀၄၁၊ ၀၉-၄၀၂၆၇၀၄၄၇**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(ဗ-၁၃)၊ ဦးပိုင်နံပါတ်(၃၄-က)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ・ ၀၁၃၇)ဧကအကျယ်အဝန်းရှိ ဒေါ်ရွှင် အမည်ဖြင့် မြေနေရာချထားပေးခြင်း ခံခဲ့ရသည့် မြေကွက်နှင့် ယင်းမြေကွက်၏ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးဆွေဦး(ဘ)ဦးရာဇိ(၉/မတရ(နိုင်)၀၉၀၁၆၂)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်း မူရင်းများဖြင့် ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွား မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

**ဒေါ်အေးစုထွန်း (LL.B , LL.M , DBL)** **ဒေါ်မာမာငွေး (LL.B)**

**တရားလွှတ်တော်ရှေ့နေ** **တရားလွှတ်တော်ရှေ့နေ**

**၅၄လမ်း၊ ၁၁၂လမ်းနှင့် ၁၁၂(ဘီ)လမ်းကြား၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၄၀၂၆၀၆၀၄၁၊ ၀၉-၄၀၂၆၇၀၄၄၇**

## ကြော်ငြာစာ(အိမ်ဆောက်မိန့်)

မန္တလေး၊ အမရပူရမြို့နယ်၊ မြစ်လောင်းရပ်ကွက်၊ အကွက်အမှတ်(B-5)၊ ဦးပိုင်အမှတ်(၁၈/၃၈)၊ မြေကွက်ပေါ်တွင် ဦးညွန့်လွင် နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၉/မကန(နိုင်)၀၀၀၄၂၄)က RC(၄)ထပ်အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့် ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့် ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး အဆောက်အအုံနှင့် ကုန်ရုံဌာန မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာစာ(ခြံစည်းရိုး)

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဠ)ရပ်ကွက်၊ အကွက်အမှတ်(၁၁-၂၆)၊ ဦးပိုင်အမှတ်(၅၈)၊ မြေကွက်ပေါ်တွင် ဦးသစ္စာ နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၉/သစန(နိုင်)၁၁၂၅၀၀)က ဝင်းခြံကာရံခွင့်(ခြံစည်းရိုး)ကို မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီ၊ အဆောက်အအုံနှင့် ကုန်ရုံဌာနတွင် တင်ပြလျှောက်ထား လာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့် ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး အဆောက်အအုံနှင့် ကုန်ရုံဌာန မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာစာ(ခြံစည်းရိုး)

မန္တလေး၊ အမရပူရမြို့နယ်၊ ဆင်ဘိုးရပ်ကွက်၊ အကွက်အမှတ်(၅၆၇)၊ ဦးပိုင်အမှတ်(၅၇ ခ/၁)၊ မြေကွက်ပေါ်တွင် ဒေါ်အေးအေးခိုင် နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၅/စကန(နိုင်)၀၀၀၈၂၇)က ခြံစည်းရိုး ဝင်းခြံကာရံခွင့်(ခြံစည်းရိုး)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့် ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့် ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး
အဆောက်အအုံနှင့် ကုန်ရုံဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ မဟာဇေယျာဘုံရပ်ကွက်၊ အကွက်အမှတ်(၇၉၄)၊ ဦးပိုင်အမှတ်(၄၁-က+ ၄၂-ခ)၊ ဧရိယာ (၀ ဒသမ ၀၃၆၅+ ၀ ဒသမ ၀၀၆၆)ဧကအကျယ်အဝန်းရှိ မြေကွက်များနှင့် ယင်းမြေကွက်များပေါ်ရှိ ပေါက်ရောက်သစ်ပင် ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူများဟု အဆိုပြုသူများဖြစ်ကြသော ၁။ ဒေါ်ကြည်ကြည်စိန်(ဘ)ဦးချစ်မောင်(၉/မရမ(နိုင်)၀၁၀၇၈၃)၊ ၂။ ဒေါ်ထူးထူးစိန်(ဘ)ဦးချစ်မောင်(၉/အမဇ(နိုင်)၀၀၆၃၄၁)၊ ၃။ ဒေါ်ဝင်းဝင်းစိန်(ဘ)ဦးချစ်မောင်(၉/မရမ(နိုင်)၀၀၂၀၂၄)၊ ၄။ ဒေါ်သန်းသန်းနွယ်(ဘ) ဦးဆိုင်(၁/မကတ(နိုင်)၀၄၀၉၀၃)၊ ၅။ ချမ်းငြိမ်းလတ်(ဘ) ဦးအောင်နိုင်ထွန်း(၁/မကတ(နိုင်)၀၆၀၉၅၃)၊ ၆။ ဒေါ်သီတာအောင်(ဘ)ဦးအောင်နိုင်ထွန်း(၉/ခမစ(နိုင်)၀၀၇၂၆၁)၊ ၇။ ဒေါ်နီလာနွယ်(ဘ)ဦးအောင်နိုင်ထွန်း(၉/ခမစ(နိုင်)၀၁၇၁၄၀)၊ ၈။ ဦးချမ်းငြိမ်းမြတ်(ဘ)ဦးအောင်နိုင်ထွန်း(၁/မကတ(နိုင်)၁၀၁၈၃၅)၊ ၉။ ဒေါ်အိမွန်မွန်အောင်(ဘ)ဦးအောင်နိုင်ထွန်း(၁/မကတ(နိုင်)၀၆၀၉၅၂)၊ ၁၀။ ဒေါ်မီမီစံ(ဘ)ဦးစံမျိုးနိုင်(၉/အမဇ(နိုင်)၀၀၇၁၄၉)၊ ၁၁။ ဒေါ်နွယ်နွယ်စံ (ဘ)ဦးစံမျိုးနိုင်(၉/အမဇ(နိုင်)၀၀၇၁၅၀)နှင့် ၁၂။ ဦးဖြိုးပြည့်စံ(ဘ)ဦးစံမျိုးနိုင်(၉/အမဇ(နိုင်)၀၅၂၂၁၁)တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင်လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေအချို့ ပေးချေပြီးဖြစ်ပါသည်။

အဆိုပါမြေကွက်များ၏ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးလှဘုန်း (LL.B)**

**တရားလွှတ်တော်ရှေ့နေ**

| ဦးရဲဝင်း | ဦးပြည့်ကိုကို | ဒေါ်မြင့်မြင့်အေး | ဒေါ်ချောစု | ဦးဝင်းမောင် |
|---|---|---|---|---|
| (LL.B) | (LL.B) | (LL.M) | (LL.B) | (LL.B) |
| အထက်တန်းရှေ့နေ | တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ | တရားလွှတ်တော်ရှေ့နေ |

**အမှတ်(အေ-၁)၊ ၆၇လမ်း၊ ၃၁အေလမ်းနှင့် ၃၂လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ➤ ၀၉-၂၀၃၇၈၆၇၊ ၀၉-၇၆၂၀၃၇၈၆၇၊ ၀၉-၇၉၂၀၃၇၈၆၇၊ ၀၉-၄၀၂၀၃၇၈၆၇**

## မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အောင်မြေသာစံရပ်ကွက်၊ အကွက်အမှတ်(၁၃၆)၊ ဦးပိုင်အမှတ်(၄-စ)၊ ဧရိယာ(၀ ဒသမ ၁၃၁၁)ဧက အကျယ်အဝန်းရှိသော ဦးညွန့်ဝေ အမည်ပေါက် ဘိုးဘပိုင်မြေကွက်ကြီးအတွင်းမှ ဧရိယာ(၂၂ ပေ× ၁၂၀ ပေ)ခန့် အကျယ်အဝန်းရှိသော ဘိုးဘပိုင်မြေကွက်နှင့်ပတ်သက်၍ အများသိစေရန် သတိပေးကြေညာခြင်း

အထက်ဖော်ပြပါ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ (၂)ထပ်အဆောက်အအုံ၊ ရေမီတာ၊ အဝီစိတွင်း၊ လျှပ်စစ်မီတာ(၁)လုံး၊ ပါဝါမီတာ(၁)လုံး(ဆက်လက်သုံးစွဲခွင့် အပါအဝင်)သွယ်တန်းတပ်ဆင်ထားသောပစ္စည်းအရပ်ရပ်အားလုံး၊ ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ရှိလက်ရောက်နေထိုင်ပိုင်ဆိုင်ပြီး ရောင်းချခွင့်ရှိသည်ဟု အဆိုပြုသူ ဦးမောင်မောင်(ဘ)ဦးဟိုင်ဒရ်ဟူစိန်(ခ)ဦးမောင်ငွေ(၁၂/တမန(နိုင်)၀၈၈၁၅၂)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန် သဘောတူညီပါသဖြင့် ရောင်းကြေးစရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ထိုအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် သတိပေးကြေညာလိုက်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

**ဒေါ်ခင်နီနီစိုး(LL.B)**

**(တရားလွှတ်တော်ရှေ့နေ-၇၉၃၃)**

**Office - အမှတ်(၁၈၉)၊ လမ်း၈၀၊ ၁၉လမ်းနှင့် လမ်း၂၀ကြား၊ မန္တလေးမြို့။**

**ဖုန်း ➤ 02-4068839, 09-2006029, 09-792006029, 09-692006029**

**ladylawyer.khinninisoe@gmail.com**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ဂဂ-၃)တွင်တည်ရှိသော ဦးပိုင်အမှတ်(၂၄)၊ ဧရိယာ (၀ ဒသမ ၀၅၅၁)ဧကအကျယ်အဝန်းရှိ ဂရန်မြေကွက်၏နေထိုင်ပိုင်ဆိုင်ခွင့်၊ မြေပေါ်ရှိ ပိုင်ဆိုင်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အဆိုပြုကမ်းလှမ်းရောင်းချသူ ဦးရန်ကွဲအန်း(၁၃/လကန(နိုင်)၀၀၄၄၀၆)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန်သဘောတူညီ၍ ရောင်းကြေးစရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း အထောက်အထားပြသည့် စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

**ဦးလှမိုး(ဥပဒေဘွဲ့)** **ဒေါ်ဝေဝေအောင်(ဥပဒေဘွဲ့)**

**တရားလွှတ်တော်ရှေ့နေ** **တရားလွှတ်တော်ရှေ့နေ**

**အမှတ်(ဒ-၁၁/၄၁+ ၄၄)၊ ၆၃-Aလမ်း၊ ၃၉-Aလမ်းနှင့် လမ်း၄၀ကြား၊ မဟာမြိုင်(၂)ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ➤ 09-2070007၊ 09-792070007 ၊ 09-43250000**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ကက-၃)တွင်တည်ရှိသော ဦးပိုင်အမှတ်(၁၈) အတွင်းမှ မြောက်ဘက်ခြမ်းပေ(၄၀× ၆၀)အကျယ်အဝန်းရှိ ဂရန်မြေကွက်၏နေထိုင်ပိုင်ဆိုင်ခွင့်၊ မြေပေါ်ရှိ အာရ်စီ သုံးထပ်အဆောက်အအုံ(ရေမီးအစုံ)၊ မြေပေါ်ရှိ ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အဆိုပြုကမ်းလှမ်းရောင်းချသူ ဦးစိန်ကြိုင်(၈/မကန(နိုင်)၁၁၈၉၈၃)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန်သဘောတူညီ၍ ရောင်းကြေးစရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း အထောက်အထားပြသည့် စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

**ဦးလှမိုး(ဥပဒေဘွဲ့)** **ဒေါ်ဝေဝေအောင်(ဥပဒေဘွဲ့)**

**တရားလွှတ်တော်ရှေ့နေ** **တရားလွှတ်တော်ရှေ့နေ**

**အမှတ်(ဒ-၁၁/၄၁+ ၄၄)၊ ၆၃-Aလမ်း၊ ၃၉-Aလမ်းနှင့် လမ်း၄၀ကြား၊ မဟာမြိုင်(၂)ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ➤ 09-2070007၊ 09-792070007 ၊ 09-43250000**

❖ မိမိတို့နိုင်ငံအပေါ် စီးပွားရေးအရပိတ်ဆို့မှုများရှိသဖြင့် ပြည်တွင်းကုန်ထုတ်လုပ်မှုများကို တိုးမြှင့်၍ ပို့ကုန်ကဏ္ဍမြှင့်တင်နိုင်ရန်လို...
❖ ဈေးကွက်ရှိပြီးဖြစ်သည့် ထုတ်ကုန်ပစ္စည်းများကို တိုးမြှင့်ထုတ်လုပ်၍ ပြည်ပသို့တင်ပို့နိုင်ရန်လို...
❖ အဓိကအားဖြင့် စိုက်ပျိုးရေးနှင့်ပတ်သက်သည့် ထုတ်ကုန်ပစ္စည်းများကို ပိုမိုထုတ်လုပ်တင်ပို့နိုင်ရန်လို...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ခုနှစ်၊ မတ်လ ၁၅ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်ရှိ Asia World Port Terminal – AWPT ဆိပ်ကမ်းလုပ်ငန်းကဏ္ဍ စွမ်းဆောင်နိုင်မှုအခြေအနေများနှင့် ကုန်သွယ်မှုဆိုင်ရာအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးစဉ် လမ်းညွှန်မှာကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော် ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# AA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့က ရခိုင်ပြည်နယ်နှင့် မလေးရှားနိုင်ငံသို့ ပို့ဆောင်မည့် ငွေကျပ် ၁၉၅ ဘီလီယံကျော်တန်ဖိုးရှိ မူးယစ်ဆေးဝါးများ ရန်ကုန်မြို့၌ ဖမ်းဆီးရမိ

နေပြည်တော် အောက်တိုဘာ ၇

နိုင်ငံတော်အစိုးရအနေဖြင့် အနာဂတ်မျိုးဆက်သစ်လူငယ်များအပါအဝင် လူသားမျိုးနွယ်စုတစ်ခုလုံးကို အန္တရာယ်ဖြစ်စေသည့်မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်မှုများအား ထိရောက်စွာတားဆီးကာကွယ်တိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်သတ်မှတ်၍ အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ AA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့က ရခိုင်ပြည်နယ်နှင့် မလေးရှားနိုင်ငံသို့ပို့ဆောင်မည့် ငွေကျပ် ၁၉၅ ဒသမ ၈၅ ဘီလီယံခန့်တန်ဖိုးရှိ အိုက်စ် ၃၄၃၈ ကီလိုဂရမ်၊ ကတ်တမင်း ၂၁၉၈ ကီလိုဂရမ်တို့ကို ဖမ်းဆီးရမိခဲ့ကြောင်း သိရှိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် မူးယစ်ဆေးဝါးသယ်ဆောင်လေ့ရှိသည့်လမ်းကြောင်းများ၌ စစ်ဆေးရှာဖွေဖော်ထုတ်ဖမ်းဆီးမှုများ တိုးမြှင့်လုပ်ဆောင်နေသကဲ့သို့ အိမ်နီးချင်းနိုင်ငံများနှင့်ပူးပေါင်း၍ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ပူးတွဲစစ်ဆင်ရေးများကို ဆောင်ရွက်ခြင်းများကြောင့် မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်သူများသည် ပင်လယ်ရေကြောင်း၏ အားသာချက်ကိုအသုံးချကာ ရေလမ်းကြောင်းအား ပြောင်းလဲအသုံးပြုလာသည်ကို တွေ့ရှိရကြောင်း၊ ထို့အတူ AA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့အနေဖြင့်လည်း မူးယစ်ဆေးဝါးသယ်ဆောင်

*စာမျက်နှာ ၁၀ သို့*



လှည်းကူးမြို့နယ် လှည်းကူး-ဖောင်ကြီးလမ်းမပေါ်နှင့် ထန်းတပင်မြို့နယ်နေအိမ်တို့၌ ဖမ်းဆီးရမိသည့် တရားခံများနှင့် မူးယစ်ဆေးဝါးများကို တွေ့ရစဉ်။

# ပထမဆုဖလားဆွတ်ခူးရရှိခဲ့သည့် မြန်မာ(ISPE FC) အမျိုးသားဘောလုံးအသင်း တာဝန်ရှိသူများနှင့် အားကစားဝါသနာရှင် ပြည်သူများက သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆို



ရန်ကုန် အောက်တိုဘာ ၇

တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ယူနန်ပြည်နယ် Lincang မြို့တွင် စက်တင်ဘာ ၃၀ ရက်မှ အောက်တိုဘာ ၇ ရက် အထိ ကျင်းပခဲ့သည့် သုံးနိုင်ငံဖိတ်ခေါ်ဖလား အမျိုးသားဘောလုံးပြိုင်ပွဲသို့ မြန်မာ(ISPE FC) အမျိုးသားဘောလုံးအသင်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ပထမဆုဖလားကို ထိုက်ထိုက်တန်တန် ဆွတ်ခူးရရှိခဲ့ပြီး ယနေ့မွန်းလွဲပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။

အဆိုပါအဖွဲ့ကို ရန်ကုန်တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောဂျက်ကော့ထူး၊

စာမျက်နှာ ၉ သို့ ○




## အမျိုးသမီးချန်ပီယံလိဂ်ပြိုင်ပွဲတွင် ဂျူဗင်တပ်အသင်းက ဘင်ဖီကာအသင်းအား နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိ

**တူရင် အောက်တိုဘာ ၇**

၂၀၂၅-၂၀၂၆ အမျိုးသမီးချန်ပီယံလိဂ်ပြိုင်ပွဲတွင် ဂျူဗင်တပ်အသင်းက ဘင်ဖီကာအသင်းအား နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ဂျူဗင်တပ်အသင်းအတွက် သွင်းဂိုးနှစ်ဂိုးကို ပွဲချိန် ၂၂မိနစ်နှင့် ၈၆မိနစ်တွင် ဆဲလ်ဗာအီက သွင်းယူပေးခဲ့သည်။

ဂျူဗင်တပ်အသင်းသည် ၂၀၂၅-၂၀၂၆ အမျိုးသမီးချန်ပီယံလိဂ်ပြိုင်ပွဲအဖြစ် လာမည့် အောက်တိုဘာ ၁၇ရက်တွင် ဘိုင်ယန်မြူးနစ်အသင်းနှင့် ထပ်မံယှဉ်ပြိုင်ကစားသွားရမည်ဖြစ်သည်။

**(NGB)**

၀-၀-၀-၀